# သက္ကပဉ္စသုတ္တန် လေ့လာချက်

(မဟာဝဂ္ဂပါဠိတော်၊ ဒီဃနိကာယ်)

ဟောကြားသူ= မြတ်စွာဘုရား
နာကြားသူ = သိကြားမင်းနှင့် နတ်ပရိသတ်
နေရာ= ဝေဒိယကတောင်အနီး ဣန္ဒသာလဂူ
အကြောင်းအရာ= သိကြားမင်း၏ အမေး ၁၄-ချက်နှင့် ဘုရားရှင်၏ အဖြေ ၁၄-ချက်

**ဣန္ဒသာလဂူ**

ဤဂူသည် တောင်နှစ်လုံးကြား၌ သဘာဝအားဖြင့် ဖြစ်နေသော လိုင်ဂူဖြစ်၏။ ထိုဂူအနီး၌ နံ့ပဲပင်ကြီး ရှိသောကြောင့် "ဣန္ဒသာလဂူ"ဟူ၍ ခေါ်တွင်၏။

နောင်သောအခါ ထိုဂူနံရံကို အင်္ဂတေများဖြင့် ကာရံကာ, တံခါးများတပ်ပြီး, ခြူးပန်း ခြူးနွယ်များဖြင့် ဆန်းကြယ်စွာ အလှဆင် ဆောက်လုပ်ပြီး မြတ်စွာဘုရားကို လှူဒါန်းခဲ့ကြ၏။

**သိကြားမင်းကြီး ပုဗ္ဗနိမိတ်ငါးမျိုးပြလာ**

သိကြားမင်းကြီး နတ်သက်ကြွေခါနီး ၇-ရက်လောက်အလိုတွင် ရှေ့ပြေးနိမိတ် ငါးမျိုးပြလာ၏။

၁။ မာလာ မိလာယန္တိ= ပန်ဆင်ထားသော ပန်းများ ညှိုးလာ၏။
၂။ ဝတ္ထာ ကိလိဿန္တိ= အဝတ်များ ညစ်နွမ်းလာ၏။
၃။ ကစ္ဆေဟိ သေဒါ မုစ္စန္တိ= ချိုင်းကြားတို့မှ ချွေးများ ထွက်လာ၏။
၄။ ကာယေ ဒုဗ္ဗဏ္ဏိယံ ဩက္ကမတိ= ရုပ်များ အိုမင်းရင့်ရော်လာ၏။
၅။ သကေ ဒေဝေါ ဒေဝါသနေ နာဘိရမတိ= နတ်ဘုံ၌ နေရခြင်းသည် ငြီးငွေ့လာ၏။

**ဘုရားဆီ အလောတကြီး လာဖူးလိုခြင်း**

နတ်သက်ကုန်ခါနီး၍ ထိုပုဗ္ဗနိမိတ်ငါးမျိုး ထင်လာသဖြင့် ကြောက်ရွံ့ထိတ်လန့်သောကြောင့် ထိုအကြောက်တရားနှင့် စိုးရိမ်ပူပန်မှု ပြေစေရန် ဘုရားဆီသို့ တရားနာသွားလိုခြင်းဖြစ်၏။

မှန်၏။ ရှေးကောင်းမှုနည်းသော နတ်များသည် "ယခု သေပြီးလျှင် ဘယ်မှာဖြစ်ပါလိမ့်မည် နည်း"ဟု တွေးတောကာ ကြောက်ရွံ့ထိတ်လန့်ခြင်းသို့ ရောက်ကုန်၏။ ကုသိုလ်ကံအား ကြီးမားကြသော

နတ်တို့သည်ကား အထက်,အထက် နတ်ပြည်များသို့ တက်ကာ နတ်စည်းစိမ်ခံစားကြရမည်ကို တွေး၍ မကြောက်ရွံ့ကြကုန်။

သိကြားမင်းကြီးမှာကား နတ်မြို့တို့ကိုငင်း၊ ဝေဇယန္တာနန်းပြဿဒ်ကြီးကိုငင်း၊ သုဓမ္မာ နတ်သဘင်ခန်းမကြီးကိုငင်း၊ ပင်လယ်ကသစ်ပင်ကြီးကိုငင်း၊ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာကြီးကိုငင်း၊ ၂-ကုဋေခွဲသော နတ်ကချေသည်တို့အားငင်း၊ စတုမဟာရာဇ်, တာဝတိံသာ နတ်ပြည်မှ နတ်ပရိသတ်တို့အားငင်း၊ နန္ဒဝန်ဥယျာဉ်ကြီးအားငင်း၊ စိတ္တလတာဥယျာဉ်ကြီးအားငင်း ကြည့်ရှုပြီး စွန့်လွှတ်ခဲ့ရမည်ကို သိကာ ကြောက်ရွံ့ထိတ်လန့်နေခြင်း ဖြစ်၏။

## နတ်ပရိသတ်နှင့် သွားရန် အကြံဖြစ်ခြင်း

လွန်ခဲ့သော ၃-ရက်ခန့်က ဘုရားရှင် ထင်းရှူးသားတို့ဖြင့် ဆောက်လုပ်အပ်သော သဠက ကျောင်း၌ သီတင်းသုံးစဉ် မာတလိနတ်သားနှင့်တကွ သိကြားမင်းကြီး ဘုရားဖူး လာခဲ့၏။ ထိုအချိန်က ဉာဏ်မရင့်သေးသဖြင့် တရားမရနိုင်သေး၍ ဘုရားက အဖူးမခံလိုက်။

ထို့ကြောင့် ယခုအခါ ၈-သောင်းသော နတ်ပရိသတ်နှင့်တကွ သွားခြင်းဖြစ်၏။ ဤနတ်ပရိသတ်၌ တစ်စုံတစ်ယောက်သော သူသည် ပါရမီပြည့်ပါက ဘုရားရှင်က သူ့ကို အကြောင်းပြု၍ တရားဟော ပေလိမ့်မည်။ သူ့ကိုမှီ၍ ငါလည်း တရားနာရလတံ့ဟု တွေးတောကာ ထိုပရိသတ်ကြီးကို ခေါ်သွားခြင်း ဖြစ်၏။

## ပဉ္စသိခနတ်သားကို ရှေ့ပြေးလွှတ်လိုက်ခြင်း

နတ်ပရိသတ်ကြီးဖြင့် တခါတည်း ဘုရားထံသွားလျှင် မသင့်တော်။ ပဉ္စသိခနတ်သားသည်ကား ဘုရားနှင့် အကျွမ်းဝင်၏။ အလုပ်အကျွေးလဲ ဖြစ်၏။ ထို့ကြောင့် ပဉ္စသိခနတ်သားကို ရွေးချယ်၍ ခိုင်းလိုက်ခြင်းဖြစ်၏။

မှန်၏။ ဘုရားရှင်သည် တစ်ပါးတည်း ကိန်းအောင်းနေလျှင် သမာပတ်တစ်ပါးပါး ဝင်စား၍သာ နေတော်မူတတ်၏။ မပြောမဆို အခွင့်မတောင်းဘဲ ဝင်တွေ့လျှင် မသင့်လျော်ပေ။ ထို့ကြောင့် ပဉ္စသိခ နတ်သားကို ရှေးကသွား၍ ဖူးမြော်ခွင့်ကို တောင်းခိုင်းလိုက်ခြင်းဖြစ်၏။

## ဗေလုဝပဏ္ဍုနတ်စောင်း မူလပိုင်ရှင်

ထိုစောင်းသည် ဥသျှစ်သီးမှည့်ရောင် ရှိသောကြောင့် "ဗေလုဝပဏ္ဍု"နတ်စောင်းဟု ခေါ်၏။ စောင်း၏ မူလပိုင်ရှင်မှာ မာနတ်ကြီးဖြစ်၏။ မာနတ်ကြီးသည် မြတ်စွာဘုရားကို တောထွက်သည်မှစ၍

ဘုရားဖြစ်ပြီး ၁-နှစ်ကြာသည့်တိုင်အောင် ၇-ခုနှစ်တိုင်တိုင် "အမှားပြုလျှင် ရိုက်ခတ် ညှင်းဆဲမည်" ဟူသော ရည်ရွယ်ချက်ဖြင့် နောက်မှလိုက်၍ စောင့်ကြည့်နေ၏။ ၇-နှစ်ပင် ကြာသော်လည်း အပြစ် တစုံတခု မတွေ့ရသဖြင့် မာနတ်ကြီး အကြီးအကျယ် စိတ်ဓာတ်ကျကာ ပခုံး၌ လွယ်ထားသော ဗေလုဝ စောင်းကြီး ပြုတ်ကျနေခဲ့သည်ကို မသိလိုက်ပေ။ ထိုစောင်းကြီးကို သိကြားမင်းက ကောက်ယူပြီး ဂီတလုလင်နတ်သား ပဉ္စသိခကို ပေးလိုက်၏။ ထိုစောင်းကြီးသည် တခါတီးလိုက်လျှင် လေးလကြာ သာယာချိုမြိန်စွာ မြည်နေသည် ဆို၏။ (သုတ္တ၊ ၄၊ ဒ၊ ၁၂၀။

## ပဉ္စသိခနတ်သားကို ချီးကျူးသောအားဖြင့် ဖူးမြော်ခွင့်ပြု

ပဉ္စသိခနတ်သားအား စောင်းသံနှင့်သီချင်း ကိုက်ညီလှကြောင်း ချီးကျူးတော်မူ၏။ ဤသို့ မချီးကျူးလျှင် ဘုရားက ဆည်းကပ်ခွင့်မပြုဘူးထင်ပြီး သိကြားမင်းနှင့်တကွ နတ်ပရိသတ် ပြန်သွားပေ လိမ့်မည်။ ထိုသို့ ပြန်သွားလျှင် ရသင့်ရထိုက်သော တရားထူးများ လက်လွတ်ဆုံးရှုံးသွားနိုင်၏။ ထို့ကြောင့် ဤသို့ ချီးကျူးလိုက်ခြင်း ဖြစ်၏။

## သူဘယ်တုန်းက ဒီသီချင်းတွေ ရေးခဲ့တာလဲ

ဘုရားဖြစ်ပြီး ၈-ပတ်မြောက်တွင် ဘုရားရှင်သည် အဇပါလညောင်ပင်ခြေရင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအချိန်တွင် ပဉ္စသိခနတ်သားသည် တိမ္ဗရုနတ်မင်းကြီး၏သမီး သူရိယဝစ္ဆသာကို ချစ်ခင်နေမိ၏။ သူရိယဝစ္ဆသာကား ရထားထိန်းမာတလိ၏သား သိခဏ္ဍီမည်သော နတ်သားကိုသာ ချစ်၏။ ထို့ကြောင့် သူမကို မရနိုင်သဖြင့် တိမ္ဗရုနတ်မင်းကြီး၏ ဗိမာန်နားသို့သွားပြီး ဤသီချင်းကို သီဆိုခဲ့၏။

(ထိုအခါ သူရိယဝစ္ဆသာသည် သူ့ကိုထွက်တွေ့၍ "အရှင်... အကျွန်ုပ်သည် ဘုရားကို မမြင်ဖူးပါ။ တာဝတိံသာနတ်သဘင်၌ က,နေစဉ် ဘုရားအကြောင်းကိုတော့ ကြားဖူးပါ၏။ သင်သည် ယခုလို ဘုရား အကြောင်းကို ချီးကျူးပြောဆိုသည့်အတွက် ယနေ့တရက်တာမျှ တွေ့ဆုံခြင်းကို ရပါ၏" ပြောဆို၍ တွေ့ခွင့်ရခဲ့၏။ ထိုမှနောက်၌ကား မတွေ့ရတော့ပေ။)

## ဘုရားရှင်က စောင်းသံနှင့်သီချင်းသံကို သာယာနှစ်သက်မှု ရှိသလား?

သာယာနှစ်သက်ခြင်း အလျှင်း မရှိပါ။ ဘုရားရှင်သည် အင်္ဂါခြောက်ပါးရှိသော ဆဠင်္ဂုပေက္ခာဖြင့် ချစ်ခြင်း,မုန်းခြင်းမဟူ လျစ်လျူရှုတော်မူသောလျက် ဤသို့သောအရာမျိုးတို့၌ အလိုရှိအပ်သောအာရုံ, အလိုမရှိအပ်သောအာရုံဟူ၍သာ သိမှတ်တော်မူ၏။

## သိကြားမင်းကြီး ညဥ့်ဦးယံမှာ ရောက်လာခြင်း

ထုံးစံအားဖြင့် နတ်တို့ဘုရားဖူးချိန်မှာ ညဥ့်သန်းကောင်ယံ အချိန်ဖြစ်၏။ သို့သော် ယခုအခါ သိကြားမင်းကြီး နတ်သက်ကုန်ခါနီး သေရမည့်ဘေးဖြင့် အလွန်ကြောက်ရွံ့ထိတ်လန့် နေသောကြောင့် ညဥ့်ဦးယံ၌ ရောက်လာခြင်းဖြစ်၏။

## သိကြားမင်း အလုပ်ရှုပ်ပုံ

ဘုရားရှင်က "အသင် သိကြားမင်း အလုပ်ရှုပ်သည့်ကြားမှ ရောက်လာခြင်းသည် အံ့သြစရာဘဲ" ဟု ပြော၏။ ထိုအခါ သိကြားမင်းက နတ်တို့၏ ပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ အငြင်းပွားဖွယ် ကိစ္စများကို ဖြေရှင်းနေရ၍ မအားကြောင်း၊ လာချင်တာကြာပြီ ဖြစ်ကြောင်း အခုမှ ရောက်လာကြောင်း လျှောက်၏။

နတ်တို့၌ ဇနီးဖြစ်မည့်သူသည် အိပ်ရာပေါ်၌ ပေါ်လာ၏။ သားသမီးက ရင်ခွင်ထဲ၌ ပေါ်လာ၏။ အခြံအရံ အလုပ်အကျွေးများက အိပ်ရာပတ်ဝန်းကျင်၌ ပေါ်လာ၏။ ဝေယျာဝစ္စပြုလုပ်မည့်သူများက ဗိမာန်အတွင်း၌ ပေါ်လာကြကုန်၏။ ထိုအရာများကား မိမိပိုင်နက်အတွင်း ပေါ်လာကြ၍ အငြင်းပွားစရာ မရှိပေ။

သို့သော် ပိုင်နက်နယ်စပ် နှစ်ခုကြား၌ ပေါ်လာသော နတ်သမီးများကိုကား သိကြားမင်း၏ အဆုံးအဖြတ်ကို ခံယူရ၏။ ထိုသို့ပေါ်လျှင် အနီးဆုံးဗိမာန်မှ နတ်သားက ရ၏။ အလယ်တည့်တည့်၌ ပေါ်လျှင် မျက်နှာမူရာဘက်မှ နတ်သားက ရ၏။ ဘယ်ဘက်ကိုမှ မျက်နှာ မမူလျှင် အငြင်းအခုံ ပြတ်စဲရအောင် သိကြားမင်းက သိမ်းပိုက်၏။

ၚင်းအပြင် နတ်ပြည်၌ ပျော်ပွဲရွှင်များလည်း ရှိပေ၏။ ထိုပျော်ပွဲရွှင်ပွဲများကို သွားရ,လာရ စီမံရသဖြင့် အလုပ်ရှုတ်သောကြောင့် အထက်ပါအတိုင်း လျှောက်ခြင်းဖြစ်၏။

## ဘူဇတိ နတ်သမီးဟူသည်-

သူသည် ဝေဿဝဏ်နတ်မင်းကြီး၏ မိဖုရားဖြစ်၏။ ထိုနတ်သမီးသည် သကဒါဂါမိဖိုလ်ကို ရပြီး ဖြစ်၏။ ထိုရအပ်ပြီးသော ဖိုလ်ဖြင့် ကြမ်းတမ်းသော ကာမရာဂကို ပယ်ထားပြီးဖြစ်၍ နတ်လောက စည်းစိမ်၌ပင် အလွန်မမွေ့လျော်တော့ပေ။ ထို့ကြောင့် အမြဲလိုလိုပင် ဘုရားထံသို့ ချဉ်းကပ်၍ လက်အုပ်ချီ ရှိခိုးလျက်သာ နေတတ်၏။

## သမာပတ်အတွင်း၌ ရထားသံကို ကြားနိုင်ပါသလော...?

“နေမိသဒ္ဒေန တမှာ သမာဓိမှာ ဝုဋ္ဌိတော”ပါဠိစကားအရ “သမာပတ်ဝင်စားစဉ် ရထားဘီးသံကို ကြားရ၏”ဟု အဓိပ္ပါယ်သက်ရောက်နေ၏။ တကယ်တော့ မကြားရပါ။ သမာပတ်အတွင်း၌ ရထားသံကို မဆိုထားဘိ နားရင်း၌ကပ်၍ မိုးကြိုးပစ်ချသော အသံကိုသော်မှ မကြားနိုင်ပေ။

အမှန်မှာ သိကြားမင်းလာပြီး လှည့်ပြန်သွားမည့် အချိန်ကို အဓိဋ္ဌာန်ထားသဖြင့် ထိုသို့လှည့်ပြန်သည့် ရထားသံနှင့် သမာပတ်မှ ထချိန်တို့ တပြိုင်နက် ကိုက်ညီနေသောကြောင့် “ရထားဘီးသံဖြင့် သမာပတ် ထတော်မူပြီ”ဟု ဆိုခြင်းဖြစ်၏။

(မှတ်ချက်။ သမာပတ်ဝင်းစားဆဲ၌ ဈာန်၏အာရုံ တပါးပါးကို အာရုံပြုနေ၏။ ဖလသမာပတ်ဝင်စားသော် နိဗ္ဗာန်ကို အာရုံပြုနေ၏။ ထို့ကြောင့် သမာပတ်ဝင်စားခိုက်၌ အသံကို အာရုံပြုသော သောတဒွါရဝီထိ မဖြစ်နိုင်။ သောတဒွါရဝီထိဖြစ်နေလျှင်လည်း သမာပတ်သို့ မရောက်နိုင်။)

## နတ်ပြည်၌ နတ်ဦးရေ အတိုး အလျော့...

ဘုရားပွင့်သောအခါ၌ အသူရာတို့ပြည်၌ ဆုတ်ယုတ်၍ နတ်တို့ပြည်၌ကား စည်ကား၍ ဦးရေ တိုးပွား၏။ ဘုရားမပွင့်ရာ ကာလများ၌ကား အသုရာပြည်ဝယ် ပြည့်နှက်စည်ကားပြီး နတ်တို့ပြည်၌ ဆုတ်ယုတ်ကုန်၏။

## ဗြဟ္မာတစ်ဦး တင်ပြချက်

ယေ ကေစိ ဗုဒ္ဓသရဏံ ဂတာသေ၊ န တေ ဂမိဿန္တိ အပါယဘူမိံ။

ပဟာယ မာနုသံ ဒေဟံ၊ ဒေဝကာယံ ပရိပူရိဿန္တိ။

(မဟာသမယသုတ်၊ ဒီ၊ ပါ၊ ဒု၊ ၂၀၄။)

မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြသူ အားလုံးတို့သည် အပါယ်သို့ မကျရောက်ကြရကုန်။လူ့ခန္ဓာကိုယ်ကို စွန့်ပယ်၍ နတ်ပြည်၌ ဖြစ်ကြရကုန်လတ့်။

(ဥပမာ- ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်မြို့သား ဣန္ဒကဟူသော အမျိုးသားသည် ရှင်အနုရုဒ္ဓါအား ဆွမ်းတစ်ဇွန်းမျှ လှူရသည့်ကုသိုလ်ကြောင့် တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးသည့် နတ်သား ဖြစ်ခဲ့ဖူး၏။ အင်္ဂုရပေတဝတ္ထု၊ ၁၅၉။)

## ဂေါပိကာမင်းသမီး ယောက်ျားဖြစ်လာပုံ

ဂေါပိကာမင်းသမီးသည် အမျိုးသမီးဘဝဖြစ်ရခြင်းကို မလိုချင်၊ ရွံမုန်၏။ ထို့ကြောင့် ယခုဘဝ၌ ဘုရားတရားသံဃာ ရတနာမြတ်သုံးအပေါ် မမိုတ်မသုန် သက်ဝင်ယုံကြည်မှုနှင့် ပြည့်စုံအောင် အားထုတ်၏။ ငါးပါးသီလမြဲအောင် အားထုတ်ခဲ့၏။

(အမျိုးသမီးဘဝ ရွံမုန်းခြင်း အကြောင်း။ ။အမျိုးသမီးဘဝဖြင့် (၁)ဘုရားမဖြစ်နိုင်၊ (၂) ပစ္စေကဗုဒ္ဓါ မဖြစ်နိုင်၊ (၃) သိကြားမင်း မဖြစ်နိုင်၊ (၄) စကြဝတေးမင်း မဖြစ်နိုင်။ ထိုအချက်များကြောင့် ရွံမုန်းခြင်းဖြစ်၏။)

## သမဏနတ်သား ၃-ယောက်အကြောင်း

သမဏနတ်သား သုံးယောက်တို့သည် လူပြည် ရဟန်းဘဝတုန်းက သီလစင်ကြယ်သူများ ဖြစ်ခဲ့ ကြပါလျက် အဘယ့်ကြောင့် ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ရလေသနည်း? ဟူမူ-

ရှေး၌ဖြစ်ခဲ့ဘူးသော ဘဝကို နှစ်သက်တွယ်တာသည့် ဘဝနိကန္တိကြောင့်ဟု ဆိုရမည်။ မှန်၏။ ထိုနတ်သားသုံးဦးတို့သည် ရှေးကလည်း ဂန္ဓဗ္ဗနတ်မျိုး၌ ဘဝပေါင်းများစွာ ဖြစ်ခဲ့ကြ၏။ ထို့ကြောင့် ထိုနတ်ဘဝတွယ်တာသော တဏှာ၏အစွမ်းကြောင့် ထိုကခြေသည် နတ်ဘဝ-(စာတုမဟာရာဇ်ဘုံ)၌ ဖြစ်ရလေ၏။

## ဂေါပကနတ်သားက သတိပေးပြောကြားပုံ

ဂေါပကနတ်သားသည် ထိုကခြေသည်သုံးယောက်ကို မြင်လတ်သော် အလွန်တင့်တယ်ကြကုန် သဖြင့် ရှေးကုသိုလ်ကံကို ဆင်ခြင်ကြည့်သော် ရှေးဘဝရဟန်းများ ဖြစ်ခဲ့ကြသည်ကို မြင်၏။ အဘယ် သို့သော ရဟန်းများ ဖြစ်ခဲ့ကြသနည်းဟု ဆင်ခြင်ကြည့်ပြန်သော် သီလနှင့် ပြည့်စုံကြသူများ ဖြစ်သည် ကို မြင်၏။ အဘယ်ကဲ့သို့သော ဂုဏ်ကျေးဇူးများ ရရှိခဲ့ကြသနည်းဟု ဆင်ခြင်ပြန်သော စျာန်ရပုဂ္ဂိုလ် များ ဖြစ်သည်ကို တွေ့ပြန်၏။ အဘယ်အရပ်မှာ နေကြသနည်းဟု ဆင်ခြင်ကြည့်သော် သူ့အိမ်၌ ဆွမ်းခံ ကြသော ကိုယ်တော်များ ဖြစ်သည်ကို မြင်ပြန်၏။

သီလစင်ကြယ်သူတို့သည် နတ်ပြည်ခြောက်ထပ်တို့တွင် မိမိလိုရာဘုံ၌ ဖြစ်နိုင်သော်လည်း မဖြစ်ကြကုန်။ စျာန်ရပုဂ္ဂိုလ်တို့မည်သည် ဗြဟ္မာဘုံ၌ ဖြစ်ကြရသော်လည်း သူတို့မှာ မဖြစ်ကြကုန်။ ငါ့မှာကား ထိုရဟန်းတို့၏ တရားကို လိုက်နာလျက် သိကြားမင်း၏သား ဖြစ်ခဲ့ရတုံသေး၏။ ထိုရဟန်း တို့မှာကား ယုတ်နိမ့်သော ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကြရကုန်၏။ ထိုနတ်တို့သည်ကား ပြင်းထန်စွာ ရိုက်နှက် သည့်အလား ပြောကြားသင့်သော **အဌ္ဌဝေဓပုဂ္ဂိုလ်**များ ဖြစ်ကုန်၏”ဟု ဆင်ခြင်မိပြီးလျှင်-

"အရှင်တို့- သင်တို့သည် အဘယ်သို့ ဉာဏ်ဦးလှည့်ကြ၍ ဘုရားရှင်၏ တရားကို နာခဲ့ကြကုန်သနည်း?"ဟု ပြင်းထန်စွာ သတိပေးလေ၏။

**မြင်းလိမ္မာ လေးမျိုးဥပမာ..**

၁။ ကြိမ်လုံးအရိပ်ကို မြင်ရုံဖြင့် ထိတ်လန့်ကာ လိမ္မာသော ဆာယာဒိဠ မြင်းမျိုး၊
၂။ ကြိမ်လုံးမြင်ရုံဖြင့် မလိမ္မာဘဲ အမွေးကျွတ်အောင်ရိုက်မှ လိမ္မာသော လောမဝေဓ မြင်းမျိုး၊
၃။ ရှေ့နှစ်နည်းဖြင့်မလိမ္မာ၍ အရေစုတ်အောင်ရိုက်မှ လိမ္မာသော စမ္မဝေဓ မြင်းမျိုး၊
၄။ ရှေ့သုံးနည်းဖြင့် မလိမ္မာ၍ အရိုးခိုက်အောင်ရိုက်မှ လိမ္မာသော အဋ္ဌိဓေဝ မြင်းမျိုး၊

**ယောကျ်ားလိမ္မာ လေးမျိုး...**

၁။ "ဤမည်သော မြို့ရွာ၌ ဤမည်သောလူတို့ ဆင်းရဲဒုက္ခရောက်သတဲ့၊ သေသတဲ့"ဟူသော **သတင်းစကား ကြားရုံဖြင့်** ထိတ်လန့်သံဝေဂရရှိကာ ဝိပဿနာပညာ, မဂ်ပညာတို့ကို ရအောင် အားထုတ်သော ယောကျ်ားလိမ္မာ = **ဆာယာဒိဠပုဂ္ဂိုလ်** (ပထမမြင်းလိမ္မာနှင့် တူ၏)၊

၂။ ပထမနည်းဖြင့် သံဝေဂမရသေးပဲ တစ်ဦးဦးဒုက္ခရောက်သည်, သေသည်ကို **ကိုယ်တိုင်မြင်ရမှ** တရားထူးရအောင် အားထုတ်သော ယောကျ်ားလိမ္မာ=**လောမဝေဓပုဂ္ဂိုလ်** (ဒုတိယမြင်းလိမ္မာနှင့်တူ၏)၊

၃။ ရှေ့နှစ်နည်းဖြင့် သံဝေဂမရသေးပဲ **မိမိ၏ ဆွေမျိုးတစ်ဦးဦး ဆင်းရဲဒုက္ခရောက်သည်, သေလွန်သည်ကို မြင်ရမှ** ထိတ်လန့်သံဝေဂဖြစ်ကာ တရားထူးရအောင် အားထုတ်သော ယောကျ်ားလိမ္မာ= **စမ္မဝေဒပုဂ္ဂိုလ်** (တတိယမြင်းလိမ္မာနှင့် တူ၏)၊

၄။ ရှေ့သုံးနည်းဖြင့် သံဝေဂမရသေးပဲ မိမိကိုယ်တိုင် ရောဂါကြီးများရပြီး ဆင်းရဲဒုက္ခတွေ့ကြုံခံစားရမှ ထိတ်လန့်သံဝေဂဖြစ်ကာ တရားထူးရအောင် အားထုတ်သော ယောကျ်ားလိမ္မာ=**အဋ္ဌိဝေဓပုဂ္ဂိုလ်** (စတုတ္ထမြင်းလိမ္မာနှင့် တူ၏)။ (ပတောဒသုတ်၊ စတုက္ကနိပါတ်၊ အံ-၁၊ ၄၂၉)

**နှစ်ယောက်လွတ်, တစ်ယောက် ကျန်**

ဂေါပကနတ်သားက ဤသို့ ပြင်းထန်စွာ သတိပေးလတ်သော် ထိုနတ်သားသုံးဦးအနက် နှစ်ဦးတို့သည် "ကခုန် သီဆို တီးမှုတ်ကြသော ကခြေသည်တို့မည်သည် ဆုလာဘ်များသာ ရသင့်ပါ၏။ ဤဂေါပကနတ်သားကား ငါတို့ကို မြင်သည်မှစ၍ မီးဖိုထဲ ဆားပစ်ချသလို တဖျစ်ဖျစ်သာ အပြစ်တင်စကား ပြောကြားနေ၏။ ဘာများဖြစ်ပါလိမ့်မည်နည်း?"ဟု ဆင်ခြင်ကြည့်လတ်သော် ရှေးဘဝက ဖြစ်ကြောင်းကုန်စင် အားလုံးပြန်လည် သိမြင်ကြကုန်၏။ ထို့ကြောင့်ပင် ဂေါပကနတ်သားက နှိပ်ကွပ်၍ သတိပေးစကား ပြောကြားနေခြင်းကို သိမြင်ကြ၏။ ထိုနတ်သားနှစ်ဦးတို့သည် ထိုပြောကြားနေစဉ်မှာ

ပင် ရှေးကရခဲ့သော ပထမစျာန်ကို ပြန်လည်ရရှိကြ၍, ထိုစျာန်ကို အခြေပြုကာ လက္ခဏာယာဉ် သုံးပါး တင်လျက် ဆင်ခြင်သုံးသပ်ကြသဖြင့် ထိုနေရာမှာပင် အနာဂါမိဖိုလ်၌ တည်ကြလေကုန်၏။

ထိုအနာဂါမ်ဖြစ်သွားသည်နှင့် တန်ခိုးသေးငယ်သော ဂန္ဓဗ္ဗနတ်၏ ခန္ဓာကိုယ်သည် အနာဂါမိဖိုလ် တည်းဟူသော လောကုတ္တရာဂုဏ်ကျေးဇူးကို မဆောင်နိုင်ရကား ထိုခဏမှာပင် နတ်သက်ကြွေ၍ ဗြဟ္မပုရောဟိတခေါ်သော ပထမစျာန်ဘုံ၌ ဖြစ်လေ၏။

(ဗြဟ္မပုရောဟိတဘုံ၌ ဖြစ်သည်ဟု ဆိုသော်လည်း ထိုဗြဟ္မာနှစ်ဦးတို့၏ ကိုယ်ခန္ဓာသည်ကား ထိုဗြဟ္မာဘုံ၌ ဖြစ်သည်မဟုတ်။ စင်စစ်သော်ကား ထိုတာဝတိံသာနတ်ပြည် သုဓမ္မာနတ်သဘင်၌ပင် ရပ်တည်ကြရင်း ကခြေသည် နတ်ခန္ဓာကိုယ်ပျောက်၍ ဗြဟ္မာ့ခန္ဓာကိုယ် ဖြစ်ပေါ်လာခြင်း ဖြစ်၏။)

အခြား ကခြေသည် သမဏနတ်သား တစ်ဦးမှာကား ထိုဘုံ၌ တွယ်တာသော ဘဝတဏှာကို ဖြတ်တောက်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ထိုစာတုမဟာရာဇ်ဘုံ ဂန္ဓဗ္ဗ-ကခြေသည်နတ်ဘဝ၌သာ ကျန်ရစ်ခဲ့၏။

### သိကြားမင်း လာရင်းအကြောင်းကို ဆက်လျှောက်ထားခြင်း

သိကြားမင်းကြီးသည် ဤသာသနာတော်နှင့် ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကိုငှ၊ မိမိသည် လည်း ထိုဗြဟ္မာနှစ်ဦး ရရှိသွားသော လောကုတ္တရာ မဂ်ဖိုလ်တရားထူးကို ရရှိလိုသောကြောင့် ဘုရား ထံသို့ လာရောက်ပါကြောင်း၊ ဘုရားရှင် ခွင့်ပြုတော်မူပါလျှင် အမေးပုစ္ဆာများကို မေးလိုပါကြောင်း ဆက်လက်၍ လျှောက်ထားလေ၏။

## နံပတ် (၁) မေးခွန်းနှင့် အဖြေ

မေး။ သတ္တဝါတို့သည် ဘေးရန်ကင်းပြီး ချမ်းသာစွာ နေရပါလို၏ဟု တောင့်တကြပါသော်လည်း ဤ တောင့်တသည့်အတိုင်း မနေကြရခြင်းသည် အဘယ်သံယောဇဉ် အနှောင်အဖွဲ့ကြောင့်ပါနည်း?။

ဖြေ။ ဤတောင့်တသည့်အတိုင်း မနေကြရခြင်းသည် **ဣဿာ, မစ္ဆရိယ** သံယောဇဉ်၂-ပါးကြောင့် ဖြစ်၏။

## ဣဿာ, မစ္ဆရိယတို့နှင့် ဆက်စပ်၍ မှတ်ဖွယ်

### (က) ဣဿာ ဟူသည်-

သူတပါးတို့၏ စည်းစိမ်ကို မနာလို မကြည်ဖြူ ငြူစူခြင်း သဘောသည် ဣဿာမည်၏။

## လက္ခဏာဒိ စတုက္က

**ထိုဣဿာသည်-**

**၁။ သူတပါးတို့ရပြီး, ရလတ္တံ့ဖြစ်သော စည်းစိမ်တို့၌ မနာလို, မကြည်ဖြူ, ငြူစူခြင်း လက္ခဏာ ရှိ၏။**

(သတ္တဝါ တစ်ဦးတစ်ယောက် စည်းစိမ်ဥစ္စာ ရပြီးသည်ကို (သို့) ရလိမ့်မည်ကို မြင်ရ,ကြားရလျှင် မမြင်လို, မကြားလို, မရှုစိမ့်သော သူတို့သန္တာန်၌ ဤဣဿာတရား ဖြစ်ပွားနေ၏ဟု ဣဿာတရားဆိုး၏ သဘောလက္ခဏာကို တွေ့မြင်ရလျှင် အဘိဓမ္မာဉာဏ်ပညာဖြင့် ထိုဣဿာဖြစ်သူ၏ သန္တာန်၌ ဖြစ်ပေါ်နေသော ဣဿာစေတသိက် အကုသိုလ်တရားဆိုးကို သိရှိရာ၏။)

**၂။ သူတပါးတို့၏ စည်းစိမ်၌ မမွေ့လျော်နိုင်ခြင်း, ဝမ်းမမြောက်နိုင်ခြင်း ကိစ္စ ရှိ၏။**

(သူတပါးတို့ စည်းစိမ်ဥစ္စာ ရရှိသည်ကို မြင်သော်၎င်း, ကြားသော်၎င်း ဝမ်းမမြောက်နိုင်ခြင်း, မခံနိုင်မရပ်နိုင် ဖြစ်ခြင်းသည် ဣဿာတရားဆိုး၏ အလုပ်ကိစ္စ ဖြစ်၏။)

**၃။ သူတပါးတို့၏ စည်းစိမ်မှ မျက်နှာလွှဲတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်၌ထင်သော အခြင်းအရာ ပစ္စုပဋ္ဌာန် ရှိ၏။**

(ဤဣဿာတရားဆိုး လွှမ်းမိုးနှိပ်စက် ခံရသောသူသည် သူတပါးတို့ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံသည်ကို မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ မကြည့်နိုင်ပဲ မျက်နှာလွှဲ၍သာ နေ၏။ ဣဿာတရားတည်းဟူသော အကြောင်းကြောင့် သူတပါးတို့ စည်းစိမ်မှ မျက်နှာလွှဲခြင်း တည်းဟူသော အကျိုးတရား ပေါ်လာရ၏။ ထို့ကြောင့် ယောဂီသည် ဣဿာတရားကို ဆင်ခြင်ကြည့်ရှုလျှင် "ဣဿာတရားဟူသည်မှာ သူတပါးတို့ စည်းစိမ်မှ မျက်နှာလွှဲတတ်သော တရားပါတကား"ဟူ၍ ဉာဏ်၌ ထင်လေ၏။)

**၄။ ဣဿာတရားသည် သူတပါးတို့၏ စည်းစိမ်လျှင် နီးစွာသော အကြောင်းရင်း-ပဒဋ္ဌာန် ရှိ၏။**

(သူတပါးစည်းစိမ်ကို မြင်ရ,ကြားရမှ ဣဿာ ဖြစ်သည်။ မမြင်ရ မကြားရလျှင် ဣဿာ မဖြစ်။ သို့ရကား သူတပါးတို့ စည်းစိမ်သည် ဣဿာတရား ဖြစ်ပွားဖို့ရန် အနီးကပ်ဆုံးသော အကြောင်းရင်းဖြစ်၏။)

(အဘိ-ဋ္ဌ-၁၊ နှာ-၂၉၉)

**ဣဿာ၏ အပြစ်**

သူတပါးတို့၏ ကြီးပွားတိုးတက်မှုကို မနာလိုမှု ဣဿာရှိသူမှာ ဖြစ်လေရာဘဝ၌ အခြွေအရံ နည်းပါးပြီး ဘုန်းတန်ခိုးနည်းမှုကို ဖြစ်စေတတ်၏။

**မုဒိတာ၏ အကျိုး**

ဣလ္လသာ၏ ဆန့်ကျင်ဘက်မှာ မုဒိတာဖြစ်၏။ သူတပါးတို့၏ ကြီးပွားတိုးတက်မှုများကို မြင်ရကြားရ၍ ဝမ်းမြောက်ကြည်သာ မုဒိတာဖြစ်သူ၊ 'ယထာလဒ္ဓသမ္ပတ္တိတော မာ ဝိဂစ္ဆန္တု= သူတို့ရပြီးသော စည်းစိမ်ဂုဏ်သိန်တို့သည်လည်း မဆုတ်ယုတ်ပါစေလင့်၊ ကြီးပွားမြဲ ကြီးပွားကြပါစေ"ဟု မုဒိတာဖြစ်သူတို့သည် ဖြစ်လေရာဘဝ၌ ခြွေရံပေါများပြီး ဘုန်းတန်ခိုးကြီးမားခြင်းကို ဖြစ်စေတတ်၏။

**(ဆောင်) မနာလိုမှာ၊ ခြွေရံကွာ၊ ကြည်သာ ခြွေရံစည်။**

**(ခ)မစ္ဆရိယ ဟူသည်-**

မိမိစည်းစိမ်ကို ဝန်တိုစေးနဲ နှမြောခြင်း သဘောသည် မစ္ဆရိယမည်၏။ ထိုမစ္ဆရိယသည်-

**၁။ ရပြီး, ရလတ္တံ့ဖြစ်သည့် မိမိစည်းစိမ်များကို လျှို့ဝှက်ခြင်း သဘောလက္ခဏာ ရှိ၏။**

(မစ္ဆရိယ အကုသိုလ်တရားဆိုး လွှမ်းမိုးနှိပ်စက်အပ်သောသူသည် မိမိရပြီး, ရလတ္တံ့သော စည်းစိမ်များကို သူတပါးတို့အား အသိမပေးလိုခြင်း, ဝန်တိုလျှို့ဝှက်တတ်ခြင်း သဘောလက္ခဏာ ရှိ၏။)

**၂။ ထိုမိမိစည်းစိမ်များကို သူတပါးတို့နှင့် ဆက်ဆံမည်ကို မခံရပ်နိုင်ခြင်း ရသရှိ၏။**

(မစ္ဆရိယတရားဆိုး လွှမ်းမိုးနှိပ်စက်အပ်သောသူသည် မိမိစည်းစိမ်များကို သူတပါးတို့အား ခွဲခြမ်းပေးရမည်ဆိုလျှင် မခံနိုင် မရပ်နိုင် ဖြစ်တတ်၏။ ထိုသို့ဖြစ်ခြင်းသည် မစ္ဆရိယ၏ အလုပ်ကိစ္စ ဖြစ်သည်။)

**၃။ မပေးရက်လို တွန့်တိုခြင်း=ပစ္စုပဋ္ဌာန်ရှိ၏။ (တနည်း) မနေရမူ နိုင့်ထက်ယူသော် မီးပူ၌ထားပုံအလားသို့ စပ်ခါးအမျက်ထွက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ (တနည်း) ယောက်မဖျားဖြင့် နည်းပါးဆိပ်ဆွန်ကော်သွန်ပေးကမ်း လှူဒါန်းခြင်း ပစ္စုပဋ္ဌာန်ရှိ၏။**

(မစ္ဆရိယ၏သဘောကို ယောဂီသူမြတ်တို့ ဆင်ခြင်လတ်သောအခါ မပေးရက်လို တွန့်တိုသော တရားဟူ၍ ထင်မြင်လာ၏။ သဘာဝ ပစ္စုပဋ္ဌာန်တည်း။ (တနည်း) သူတဖက်သားတို့က အနိုင့်အထက် မိမိစည်းစိမ်ကို လုယူသောအခါ ပြင်းစွာ အမျက်ထွက်တတ်သော တရားဟုပင် ဉာဏ်၌ ထင်မြင်လာ၏။ ကိစ္စ ပစ္စုပဋ္ဌာန်တည်း။ (တနည်း) မနေသာ၍ ပေးပြန်ပါလည်း ယောက်မဖျား ဇွန်းဖျားဖြင့် ဘုရားစူး ကျမ်းစူးလွတ် ပေးသည်ဆိုရုံမျှ ပေးတတ်သော တရားဟူ၍ ဉာဏ်၌ ထင်လာ၏။ ဖလ ပစ္စုပဋ္ဌာန်တည်း။)

**၄။ မိမိစည်းစိမ်လျှင် နီးစွာသော ဖြစ်ဖို့အကြောင်းတရား=ပဒဋ္ဌာန် ရှိ၏။**

(အဘိ-ဌ-၁၊ နှာ-၂၉၉)

**မစ္ဆရိယ ၅-မျိုး**

၁။ အာဝါသ မစ္ဆရိယ= ကျောင်းတိုက်တာ, အရာမ်, တိုက်ခန်းစသော နေရာဌာနတို့၌ နှမြောဝန်တိုခြင်း၊

၂။ ကုလ မစ္ဆရိယ= အဆွေအမျိုး ဒါယကာတို့၌ သူတပါးတို့နှင့် ဆက်ဆံမည်ကို နှမြောဝန်တိုခြင်း၊
၃။ လာဘ မစ္ဆရိယ= ပစ္စည်းလေးဖြာ လာဘ်လာဘ၌ နှမြောဝန်တိုခြင်း၊
၄။ ဝဏ္ဏ မစ္ဆရိယ= ရုပ်ရည်အဆင်း, ဂုဏ်သတင်း၌ နှမြောဝန်တိုခြင်း၊
၅။ ဓမ္မ မစ္ဆရိယ= ပရိယတ္တိဓမ္မ၌ နှမြောဝန်တိုခြင်း၊

## ၁။ အာဝါသ မစ္ဆရိယ

ကျောင်းတိုက်တခုလုံးကိုင်၎င်း, ပရိဝုဏ် တခုလုံးကိုင်၎င်း, တိုက်ခန်းတခုလုံးကိုင်၎င်း, အာဝါသဟူ၍ ခေါ်၏။ ထိုနေရာတို့၌ နေထိုင်သူတို့သည် ချမ်းသာစွာ နေထိုင်ရ၍ ပစ္စည်းလေးပါးတို့ကို ရရှိကုန်၏။ မစ္ဆရိယအားကြီးသော ရဟန်းသည် သီလရှိသော အခြားရဟန်းတစ်ပါး ထိုနေရာ၌ လာရောက်နေထိုင်သည်ကို အလိုမရှိနိုင်။ ထိုသီလဝန္တရဟန်း လာရောက်နေထိုင်လျှင်လည်း မြန်မြန်သွားပါစေဟု ကြံစည်တောင့်တတတ်၏။ ဤသို့ ဝန်တိုခြင်း, နှမြောခြင်းသည် အာဝါသ မစ္ဆရိယမည်၏။

အထူးမှတ်ရန်မှာ- ခိုက်ရန်ငြင်းခုံမှု ပြုလုပ်တတ်သော ရဟန်းစသည်တို့ ထိုအာဝါသ၌ နေထိုင်မှုကို အလိုမရှိသော ရဟန်းအားမူ အာဝါသမစ္ဆရိယ မဖြစ်ပေ။

## ၂။ ကုလ မစ္ဆရိယ

အလုပ်အကျွေး ဒကာ, ဒကာမ ဆွေမျိုးများကို ကုလ-ဟူ၍ ခေါ်၏။ ထိုမိမိ ဒကာ,ဒကာမများ အထံ၌ အခြားရဟန်းတစ်ပါး ချဉ်းကပ်ဆက်ဆံမှုကို အလိုမရှိခြင်းသည် ကုလမစ္ဆရိယ မည်၏။

မှတ်သားရန်မှာ- ယုတ်မာသော ဒုဿီလရဟန်းများ ချဉ်းကပ်ဆက်ဆံကို အလိုမရှိခြင်းသည်ကား ကုလမစ္ဆရိယ မဟုတ်ပေ။ မှန်၏- ထိုဒုဿီလပုဂ္ဂိုလ်သည် ဒကာ,ဒကာမတို့၏ သဒ္ဓါတရား ပျက်စီးအောင် ကျင့်တတ်၏။ ထို့ကြောင့် ထိုဒုဿီလပုဂ္ဂိုလ်တို့ ချဉ်းကပ်ဆက်ဆံမှုမျိုးကို အလိုမရှိခြင်းသည် ကုလမစ္ဆရိယ မဟုတ်ချေ။ သဒ္ဓါတရားကို စောင့်ရှောက်နိုင်သော သီလဝန္တရဟန်း၏ ထိုဒကာ, ဒကာမတို့အထံ၌ ဆက်ဆံချဉ်းကပ်မှုကို အလိုမရှိခြင်းသည်သာလျှင် ကုလမစ္ဆရိယ မည်၏။

## ၃။ လာဘမစ္ဆရိယ

ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကို လာဘ်လာဘဟု ခေါ်၏။ ၎င်းကို အခြားသီလရှိသူ ရဟန်းတစ်ပါးပါး ရနေသည်ကို 'မရပါစေ သတည်း'ဟု ကြံစည်သောရဟန်းအား လာဘမစ္ဆရိယ ဖြစ်၏။

မှတ်သားရန်မှာ- ဒကာ,ဒကာမများ သဒ္ဓါတရားဖြင့် လှူဒါန်းအပ်သော ပစ္စည်းလေးပါးကို အလွဲသုံးစား ပြုလုပ်တတ်သောရဟန်း, လုံးဝ မသုံးစွဲခြင်း, မကောင်းသဖြင့် သုံးစွဲခြင်းတို့ဖြင့် ဒကာ, ဒကာမတို့ သဒ္ဓါသဖြင့် လှူဒါန်းအပ်သော ပစ္စည်းများကို ဖျက်ဆီးတတ်သောရဟန်း, ပုပ်သိုးသည့် တိုင်အောင် သူတပါးအား မပေးရက်သော ရဟန်းများလည်း ရှိ၏။ ထိုရဟန်းမျိုးမြင်၍ "ဤပစ္စည်း လေးပါးကို ဤရဟန်းမရရှိပဲ အခြား သီလဝန္တရဟန်းတစ်ပါးပါး ရရှိခဲ့သော် သုံးဆောင်ခြင်းသို့ ရောက် လေလျှင် ကောင်းလေရာ၏"ဟု ကြံစည်သော ရဟန်းအားကား လာဘမစ္ဆရိယ မဖြစ်ပေ။

## ၄။ ဝဏ္ဏ မစ္ဆရိယ

ကိုယ်ရေအဆင်း ရူပါရုံကိုင်း, ဂုဏ်ကျေးဇူးအထူးကိုင်း ဝဏ္ဏဟု ခေါ်၏။ ထိုနှစ်မျိုးအနက် အဆင်းရူပါရုံ၌ ဝန်တိုခြင်း မစ္ဆရိယရှိသော ပုဂ္ဂိုလ်သည် "အခြားသူတစ်ယောက် ရုပ်ရည်အဆင်း တင့် တယ်ခြင်း ရှိ၏။ ကြည်ညိုဖွယ် ရှိ၏"ဟု ပြောဆိုအပ်လျှင် ထိုအကြောင်းကို လုံးဝ မပြောဆိုလို။ မိမိ သာလျှင် တင့်တယ်လို လှပလို၏။ ဂုဏ်ကျေးဇူးအထူးတည်းဟူသော ဝဏ္ဏ၌ ဝန်တိုခြင်းရှိသောသူသည် သူတပါး၏ သီလဂုဏ်, ဓုတင်ဂုဏ်, ပဋိပတ်ဂုဏ်, အကျင့်ဂုဏ်များကို လုံးဝ မပြောဆိုပဲ ရှိတတ်၏။

## ၅။ ဓမ္မ မစ္ဆရိယ

ဓမ္မသည် **ပရိယတ္တိဓမ္မ**နှင့် မဂ်ဖိုလ်နိဗ္ဗာန် တရားထူးဟူသော **ပဋိဝေဓဓမ္မ** ဟူ၍ ၂-မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် ပဋိဝေဓသည် အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏။ အရိယာပုဂ္ဂိုလ်များသည် မိမိတို့ရရှိ သော တရားကို ဝန်မတိုကြကုန်။ မိမိတို့ရသော တရားထူးများကို အခြားသတ္တဝါအားလုံးတို့အား ရကြ သိကြရန် အလိုရှိကြကုန်၏။ တောင့်လည်း တောင့်တကြကုန်၏။

ပရိယတ္တိဓမ္မ၌သာလျှင် ဓမ္မမစ္ဆရိယ ဖြစ်နိုင်၏။ ထိုဓမ္မမစ္ဆရိယရှိသော ပုဂ္ဂိုလ်သည် မိမိတတ်သိ သော လျှို့ဝှက်ခက်ခဲသည့် ပါဠိ, အဋ္ဌကထာများကို သူတပါးတို့အား မသိစေလို။ မိမိသာ သိလို၏။

မှတ်သားရန်မှာ- အကြင်ပုဂ္ဂိုလ်သည်ကား ပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်၍ တရားတော်ကို ချီးမြှောက်စောင့်ရှောက်သောအားဖြင့်ငင်း, တရားတော်ကို စူးစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့်ငင်း မိမိတတ်သိသော လျှို့ဝှက်ခက်ခဲသည့် ပါဠိ အဋ္ဌကထာ ကျမ်းစာများကို သူတပါးအား မပေး၊ ထိုသူ၏ မပေးခြင်းသည်ကား ဓမ္မမစ္ဆရိယ မဟုတ်ပေ။

ရှင်းဦးအံ့။ လောက၌ အချို့သောပုဂ္ဂိုလ်သည် ရံခါ ရဟန်းဖြစ်လိုက်၊ ရံခါ ပုဏ္ဏားဖြစ်လိုက်၊ ရံခါ တက္ကတွန်းဖြစ်လိုက်နှင့် လျှပ်ပေါ်လော်လည် မတည်ကြည်သူ ဖြစ်၏။ ထိုရဟန်းမျိုးသည် အဆက်ဆက်

က ဆင်းသက်လာသော သိမ်မွေ့သည့် ပါဠိတော်ကို, ကုသိုလ်စသော တရားကို အကုသိုလ်စသော တရားမျိုးပြု၍၎င်း၊ မိမိကိုယ်တိုင်က မတည်ကြည်သောကြောင့် ဘုရားရှင်ဟောတော်မူအပ်သော တရားတော်ကို တိတ္ထိတို့ဟောအပ်သော တရားမျိုးပြု၍၎င်း ရှုပ်ထွေးအောင်ပြုလုပ်ပေလိမ့်မည်ဟု လေးနက်စွာ ဆင်ခြင်ပြီးလျှင် မိမိတတ်သိသည့် လျှို့ဝှက်ခက်ခဲသော ပရိယတ္တိဓမ္မကို ထိုသူ့အား မပေး။ ဤရဟန်းသည် ပုဂ္ဂိုလ်ကို စူးစမ်းဆင်ခြင်၍ တရားတော်ကို ချီးမြှောက်စောင့်ရှောက်သောအားဖြင့် မပေးသူ မည်၏။

အကြင်ရဟန်းသည်ကား "ဤတရားသည် သိမ်မွေ့နူးညံ့လှ၏။ အကယ်၍ ဤပုဂ္ဂိုလ် သင်ယူတတ်မြောက်ခဲ့လျှင် မိမိကိုယ်ကို ရဟန္တာမဟုတ်ပဲ ရဟန္တာဟု ပြောကြား၍ ပျက်စီးသွားပေလိမ့်မည်" ဟု ဆင်ခြင်၍ မိမိတတ်သိသည့် လျှို့ဝှက်ခက်ခဲသော ပရိယတ္တိဓမ္မကို ထိုသူ့အား မသင်ပေး။ ဤရဟန်းသည် တရားတော်ကို စူးစမ်းဆင်ခြင်၍ ပုဂ္ဂိုလ်ကို ချီးမြှောက် စောင့်ရှောက်သောအားဖြင့် မပေးသူ မည်၏။ ဤရဟန်း ၂-မျိုးအားလုံးပင် ဓမ္မမစ္ဆရိယ မဖြစ်ပေ။

အကြင်သူသည်ကား "အကယ်၍ ဤသူသည် ဤတရားကို သင်ကြားတတ်မြောက်သွားခဲ့လျှင် ငါတို့ထက် သာလွန်သူ ဖြစ်သွားလိမ့်မည်"ဟု အောက်မေ့ကာ မိမိတတ်သိသည့် ပရိယတ္တိဓမ္မကို သူတပါးအား မပေး။ ထိုသူ၏ မပေးခြင်းသည်သာ ဓမ္မမစ္ဆရိယ ဖြစ်၏။

**မစ္ဆရိယ ၅-ပါး၏ အပြစ်များ**

၁။ အာဝါသမစ္ဆရိယကြောင့် သေပြီးနောက် ဘီလူးသောရင်း, ပြိတ္တာသော်ရင်း ဖြစ်ပြီးလျှင် နေရာဌာန၌ ငြိကပ်စွဲလမ်းမှု အလိုဆန္ဒ ယုတ်ညံ့မှုကြောင့် ထိုမိမိဝန်တို နှမြောခဲ့သည် အာဝါသ၏ အမှိုက်သရိုက်များကို ဦးခေါင်းဖြင့် ချီရွက်၍ လှည့်လည်ကာ နေရတတ်၏။

၂။ ကုလမစ္ဆရိယကြောင့် မိမိ၏ ပစ္စည်းလေးပါး ဒကာ,ဒကာမများအိမ်၌ အခြားပုဂ္ဂိုလ်တို့အား အလှူအတန်းပေးမှု, မြတ်နိုးကော်ရော်မှုစသည် ပြုလုပ်ကြသည်ကို မြင်ရလျှင် "ဤဒကာ,ဒကာမများသည် ငါနှင့် စိတ်ဝမ်းကွဲပြားခဲ့လေပြီ"ဟု ကြံစည်ပူပန်သော ရဟန်းအား စိတ်ပင်ပန်းခြင်းဖြင့် အလွန်ပူလောင်သော နှလုံးရှိရကား သွေးသော်မူလည်း အန်တတ်၏။ ဝမ်းသော်မူလည်း လားတတ်၏။ အူများသော်လည်း ပြတ်ရတတ်၏။

၃။ လာဘမစ္ဆရိယကြောင့် သံဃာ၏ လာဘ်၌ဖြစ်စေ၊ ဂိုဏ်း၏ လာဘ်၌ဖြစ်စေ နှမြောဝန်တို၍ ပုဂ္ဂလိက အသုံးအဆောင်ကဲ့သို့ အောက်မေ့ကာ မိမိတစ်ဦးတည်းသာ သုံးဆောင်ခြင်းကြောင့် သေပြီးသည့်နောက် ဘီလူးသော်ရင်း, ပြိတ္တာသော်ရင်း, စပါးကြီးမြွေသော်ရင်း ဖြစ်ရတတ်၏။

၄။ ရုပ်ရည်အဆင်း, ဂုဏ်ကျေးဇူးသတင်းတို့၌ ဝန်တိုခြင်း ဝဏ္ဏမစ္ဆရိယကြောင့် မိမိ၏ ရုပ်ရည်အဆင်း, ဂုဏ်ကျေးဇူးသတင်းများကိုသာ ချီးမွမ်း၏။ သူတပါးတို့၏ ရုပ်ရည်အဆင်း, ဂုဏ်ကျေးဇူးသတင်းများကိုကား "ဤသူသည် ဘယ်လိုအဆင်း, ဂုဏ်ကျေးဇူးသတင်း ရှိသူနည်း" ဤသို့စသည်ဖြင့် ထိုထိုအပြစ်ကို ပြောဆိုလျက် တမလွန်ဘဝ၌ အဆင်းမလှသူ ဖြစ်ရတတ်၏။

၅။ မဂ်ဖိုလ်နိဗ္ဗာန် တည်းဟူသော ပဋိဝေဓဓမ္မကား အရိယာတို့သန္တာန်သာ ဖြစ်သောတရား, အရိယာတို့သာ ရပိုင်သောတရား ဖြစ်၏။ ထိုအရိယာတို့သည် မစ္ဆရိယကို အကြွင်းမဲ့ မဂ်ဖြင့် ပယ်သတ်ပြီး ဖြစ်သောကြောင့် မိမိတို့ရရှိသော ပဋိဝေဓတရားကို ဝန်တိုတော်မမူကြကုန်။ သို့ရကား ဓမ္မမစ္ဆရိယအရာ၌ ပုထုဇဉ်တို့၏ မိမိတို့တတ်သိသော ပရိယတ္တိဓမ္မ၌ ဝန်တိုခြင်းကိုသာ ရအပ်ပေသည်။

ယင်းပရိယတ္တိဓမ္မ မစ္ဆရိယကြောင့် မိမိတတ်သိသော ပရိယတ္တိဓမ္မကို နှမြောဝန်တို၍ တစုံတယောက်သော သူအားမျှ တစုံတရာသော ပရိယတ္တိဓမ္မကို မပေးကမ်းသည့်အတွက် တမလွန်ဘဝ၌ ဉာဏ်ပညာထုံထိုင်း မှိုင်းအ,သူ ဒုပ္ပညပုဂ္ဂိုလ် ဖြစ်ရတတ်၏။

(မှတ်ချက်။ မစ္ဆရိယနှင့် ပတ်သက်၍ ကဿပဘုရားရှင် လက်ထက်က ကျောင်းထိုင်ဘုန်းကြီး လောသကတိဿ၏ ဝတ္ထုသည် လွန်စွာမှတ်သားဖွယ်ကောင်း၏။)

## ဣဿာနှင့် မစ္ဆရိယတို့ တပေါင်းတည်း မဖြစ်နိုင်

ဣဿာသည် သူတပါးစည်းစိမ်ကို အာရုံပြု၍ ဖြစ်၏။ မစ္ဆရိယသည် မိမိစည်းစိမ်ကို အာရုံပြု၍ ဖြစ်၏။ ဤသို့ အာရုံကွဲပြားသောကြောင့် ထိုဣဿာနှင့် မစ္ဆရိယတို့ တပေါင်းတည်း မဖြစ်နိုင်ကြကုန်။

## ဤနှစ်ပါးကို ပယ်မှ ချမ်းသာမည်-

လောက၌ တစ်ဦးနှင့် တစ်ဦး ရန်ငြိုးဖွဲ့ခြင်း, ရန်မူခြင်းများသည် ဤဣဿာ,မစ္ဆရိယ သံယောဇဉ်နှစ်ပါးကြောင့် ဖြစ်ရ၏။ ဤ သံယောဇဉ်၂-ပါးကို သောတာပတ္တိမဂ်ဖြင့်သာ အကြွင်းမဲ့ ပယ်သတ်နိုင်၏ (ဒီ၊၃၊၂)။ သို့ရကား သောတာပတ္တိမဂ်ဖြင့် ထိုဣဿာ,မစ္ဆရိယနှစ်ပါးကို မပယ်သတ်နိုင်သေးသမျှ ကာလပတ်လုံး သတ္တဝါတို့သည် ချမ်းသာစွာနေလိုပါလည်း ရန်ငြိုးဖွဲ့ခြင်းစသည်တို့မှ မလွတ်နိုင်ကြပဲ ဆင်းရဲပင်ပန်းစွာ နေထိုင်ကြရကုန်၏။

(ဆောင်) ဣဿာခေါ်ဆို၊ မနာလို၊ ဝန်တို မစ္ဆေရ။

........................................................................

## နံပတ် (၂) မေးခွန်းနှင့် အဖြေ

မေး။ မြတ်စွာဘုရား... **အဘယ်အကြောင်းကြောင့် ထိုက္လသာ,မစ္ဆရိယ တရားနှစ်ပါးတို့ ဖြစ်ကြပါသနည်း?** အဘယ်တရားရှိသော က္လသာ,မစ္ဆရိယဖြစ်၍၊ အဘယ်တရားမရှိသော် က္လသာ,မစ္ဆရိယ မဖြစ်ပါသနည်း?

ဖြေ။ သိကြားမင်း... က္လသာ, မစ္ဆရိယ တရား၂-ပါးတို့သည် **ချစ်အပ်သော သတ္တဝါ, သင်္ခါရ၊ မုန်းအပ်-သော သတ္တဝါ,သင်္ခါရတို့ကြောင့် ဖြစ်၏။** ချစ်အပ်သော သတ္တဝါ,သင်္ခါရ၊ မုန်းအပ်သော သတ္တဝါ, သင်္ခါရ ရှိသော် က္လသာ, မစ္ဆရိယ ဖြစ်၏၊ မရှိသော် မဖြစ်ပေ။

### ချစ်ခြင်း မုန်းခြင်း ဖြစ်လာပုံ...

မိမိပိုင်ဆိုင် သိမ်းဆည်းထားအပ်သော သတ္တဝါ, သင်္ခါရ ဖြစ်လျှင် ထိုဝတ္ထုက မနှစ်သက်ဖွယ် ဝတ္ထုပင် ဖြစ်လင့်ကစား ကိလေသာတို့၏ ဖောက်ပြန်စွာ ဖြစ်ခြင်းရှိသောကြောင့် ချစ်နှစ်သက်အပ်သော သတ္တဝါ, သင်္ခါရပင် ဖြစ်၍နေတော့၏။

သူတပါးပိုင်ဆိုင် သိမ်းဆည်းထားအပ်သော သတ္တဝါ,သင်္ခါရ ဖြစ်ခဲ့လျှင် ထိုဝတ္ထုက ကောင်းမြတ်သော ဝတ္ထုပင် ဖြစ်လင့်ကစား အမျက်ထွက်သောသူ၏ အဖို့ရာ မချစ်မနှစ်သက်အပ်သော သတ္တဝါ, သင်္ခါရ ဖြစ်၍ နေတော့၏။ (ဋ္ဌ၊ ဋ္ဌီ)

### သူ့အကြောင်းနဲ့ သူဖြစ်...

မစ္ဆရိယသည် ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ,သင်္ခါရကြောင့် ဖြစ်၏။ က္လသာသည် မချစ်မနှစ်သက်အပ်သော သတ္တဝါ,သင်္ခါရကြောင့် က္လသာ ဖြစ်၏။

တနည်း။ ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ,သင်္ခါရ၊ မချစ်ခင် မနှစ်သက်အပ်သော သတ္တဝါ,သင်္ခါရ ဤနှစ်မျိုးလုံးကြောင့်ပင် က္လသာလည်း ဖြစ်၏။ မစ္ဆရိယလည်း ဖြစ်၏။

**ရှင်းပြအံ့။** ။ရဟန်းတို့အဖို့ရာ သဒ္ဓိဝိဟာရိကတပည့် စသော ချစ်ခင်နှစ်သက်အပ်သော သတ္တဝါတို့ ရှိကြကုန်၏။ လူများအဖို့ သားသမီးစသော, ဆင်မြင်းစသော ချစ်ခင်နှစ်သက်အပ်သော သတ္တဝါတို့ ရှိကြကုန်၏။ ထိုချစ်ခင်နှစ်သက်အပ်သော သတ္တဝါတို့ကို တခဏမျှပင် မမြင်ရလျှင် သည်းမခံနိုင်အောင် ရှိတတ်ကြ၏။ ထိုရဟန်းဖြစ်သောသူ, လူဖြစ်သောသူသည် အခြားတပါးသောသူ တဦးဦးလည်း ထိုကဲ့သို့ ချစ်ခင်နှစ်သက်အပ်သော တပည့်စသော, သားသမီး ဆင်မြင်းစသော ချစ်ခင်နှစ်သက်အပ်သော သတ္တဝါကို ရသည်ကိုမြင်ရလျှင် မနာလို မကြည်ဖြူ ငြူစူမှု က္လသာဖြစ်တတ်၏။

“သင်၏ တပည့်.../ သင့်သားသမီးကို ငါတို့မှာ အလုပ်လုပ်စရာရှိ၍ ငါတို့အား တခဏမျှ ပေးပါကုန်”ဟု အခြားသူတို့က တောင်းခံအပ်လျှင် “မပေးနိုင်ပါ၊ သူတို့တတွေ ပင်ပန်းကြလိမ့်မယ်” စသည်ဖြင့် ပြောဆို၍ ဝန်တိုမှု ပြုတတ်သည့် မစ္ဆရိယဖြစ်တတ်၏။ **ဤကား ချစ်ခင်နှစ်သက်အပ်သော သတ္တဝါကြောင့် ဣဿာ,မစ္ဆရိယ နှစ်ပါးစုံ ဖြစ်ပုံတည်း။**

ရဟန်းတို့အဖို့ရာ သပိတ်သင်္ကန်းစသော နှစ်သက်မြတ်နိုးဖွယ် ပရိက္ခရာများ ရှိကြ၏။ လူတို့အဖို့ အဆင်တန်းဆာစသော နှစ်သက်အပ်သော သင်္ခါရများ ရှိကြ၏။ ထိုရဟန်း, ထိုလူသည် မိမိမှတပါး သော အခြားရဟန်း/လူများ၌ ထိုကဲ့သို့ နှစ်သက်ဖွယ် ပရိက္ခရာ,အသုံးအဆောင်များ ရှိသည်ကို မြင်ရလျှင် မနာလိုမှု ဣဿာတရား ဖြစ်ပွားစေ၏။

ထိုနှစ်သက်အပ်သော ပရိက္ခရာမျိုး/အသုံးအဆောင်မျိုးကို သူတပါးတို့က လာငှားလျှင် “ငါတို့ သော်မှ ဤပစ္စည်းများကို မြတ်နိုးလှသောကြောင့် မသုံးဆောင်ရက်ပါကုန်”ဟု ပြောဆိုကာ ဝန်တိုခြင်း မစ္ဆရိယကို ဖြစ်စေကုန်၏။ **ဤကား ချစ်ခင်နှစ်သက်အပ်သော သင်္ခါရကြောင့် ဣဿာ,မစ္ဆရိယ နှစ်ပါးစုံ ဖြစ်ပုံတည်း။**

ထိုမှတပါး ရဟန်းဖြစ်စေ, လူဖြစ်စေ မချစ်မနှစ်သက်အပ်သော တပည့်ဆိုး, သားသမီးဆိုး, ဆင်ဆိုးမြင်းဆိုးစသော သတ္တဝါ၊ မကောင်းသော ပစ္စည်းလေးပါး, အသုံးအဆောင် အဆင်တန်းဆာ စသော သင်္ခါရများ ရှိကြ၏။ ၎င်းးတို့ကို ရရှိပြီးနောက် ထိုရဟန်း/ထိုလူတို့ အဖို့ရာ ဖေါ်ပြပါ သတ္တဝါ, သင်္ခါရတို့သည် မချစ်မနှစ်သက်အပ်သော်လည်း ကိလေသာတို့၏ ဖေါက်ဖေါက်ပြန်ပြန် ဖြစ်ပွားတတ် သော သဘောရှိသောကြောင့် ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ,သင်္ခါရတို့ကဲ့သို့ ဖြစ်ရှိကြကာ “ငါ့ကို ထား၍ အခြားမည်သူတစ်ယောက်သည် ဤကဲ့သို့သော သတ္တဝါ,သင်္ခါရတို့ကို ရနိုင်အံ့နည်း”ဟု မိမိ ကိုယ်ကို မြှောက်ပင့်သော အတ္တုက္ကံသန လောဘတရား ဖြစ်ပွားပြီးလျှင် ထိုလောဘကို အကြောင်းပြု ကာ သူတပါးတို့ ရရှိမည်ကို မနာလိုမှု-ဣဿာကို ပြုတတ်၏။ (ဤဣဿာကား သူတပါးတို့ ရလတ္တံ့ သော ပြည့်စုံမှု-သမ္ပတ္တိကို အာရုံပြု၍ဖြစ်သော ဣဿာမျိုးတည်း)။

တနည်း... ရှေး၌ဆိုခဲ့သည့်အတိုင်း မိမိကိုယ်ကို မြှောက်ပင့်သော အတ္တုက္ကံသန လောဘတရား ဖြစ်ပွားပြီးလျှင် ထိုလောဘကိုပင် အကြောင်းပြု၍ သူတပါးမှာ ထိုကဲ့သို့သော မချစ်မနှစ်သက်အပ် သည့် သတ္တဝါ,သင်္ခါရကို မြင်ရ၍လည်း မနာလိုမှု-ဣဿာလည်း ဖြစ်တတ်၏။ (ဤဣဿာကား သူတပါးတို့ ရဆဲ, ရပြီးသော သမ္ပတ္တိကို အာရုံပြု၍ဖြစ်သော ဣဿာမျိုးတည်း။ ထိုမချစ်မနှစ်သက် အပ်သော သတ္တဝါ,သင်္ခါရတို့ကို သူတပါးတို့က တောင်းအပ်သည်ရှိသော် အခိုက်အတန့် တခဏမျှ

လည်း မပေးနိုင်ပဲ ဝန်တိုမှု-မစ္ဆရိယ ဖြစ်တတ်၏။ **ဤကား မနှစ်သက်အပ်သော သတ္တဝါ,သင်္ခါရတို့ကြောင့် ဣဿာ, မစ္ဆရိယ ၂-ပါးတို့ ဖြစ်ပုံတည်း။**

**သူပြုတ်မှ အေးမည်-**

ချစ်တတ်သည့် တဏှာကို မပယ်နိုင်သေးသမျှ ချစ်စရာအာရုံ ဆိုသည်မှာလည်း ရှိနေဦးမည်သာ။ ချစ်စရာရှိနေသေးသမျှ နှမြောဝန်တိုမှု-မစ္ဆရိယကလည်း ဖြစ်နေဦးမည်သာ။ မုန်းတတ်သည့် ဒေါသကို မပယ်နိုင်သေးသမျှ မုန်းစရာအာရုံ ဆိုသည်မှာလည်း ရှိနေဦးမည်သာ။ မုန်းစရာရှိနေသေးသမျှ မနာလိုမှု - ဣဿာကလည်း ဖြစ်နေဦးမည်သာ။

ထို့ကြောင့် ချစ်ခြင်း,မုန်းခြင်း မဖြစ်စေရန် လောဘနှင့်ဒေါသကို ပယ်သတ်နိုင်မှသာ အေးချမ်းသာယာစွာ နေနိုင်ပေလိမ့်မည်။

**********

## နံပတ်(၃) အမေးနှင့် အဖြေ

မေး။ မြတ်စွာဘုရား.... **အဘယ်တရားကြောင့် ချစ်ခြင်း, မုန်းခြင်း ဖြစ်ပါသနည်း။** အဘယ်တရား ရှိသော် ချစ်ခြင်း မုန်းခြင်းဖြစ်၍ အဘယ်တရား မရှိသော် ချစ်ခြင်း, မုန်းခြင်း မဖြစ်ပါသနည်း?။

ဖြေ။ သိကြားမင်း... **တဏှာဆန္ဒကြောင့် ချစ်ခြင်း, မုန်းခြင်း ဖြစ်၏။** တဏှာဆန္ဒရှိသော် ချစ်ခြင်း, မုန်းခြင်း ဖြစ်၏။ တဏှာဆန္ဒမရှိသော် ချစ်ခြင်း, မုန်းခြင်း မဖြစ်။

**ဆန္ဒ ၂-မျိုး**

ဆန္ဒသည်-

(၁) ထိုထိုအာရုံကို မြင်လို ကြားလို နမ်းရှုလို လျက်လို ထိလို သိလိုမှု= ဆန္ဒ စေတသိက်၊

(၂) ထိုထိုအာရုံကို သာယာတပ်မက် နှစ်သက်သောအားဖြင့် လိုချင်ခြင်း= လောဘစေတသိက် တည်းဟူသော တဏှာဆန္ဒ-

ဟူ၍ ၂-မျိုးရှိ၏။

ဤနေရာ၌ ကုသိုလ်ဆန္ဒကို မကောက်ယူရ။ လောဘစေတသိက်ကို အရကောက်ယူရသော တဏှာဆန္ဒကို ဆိုလိုသည်။

**တဏှာဆန္ဒ ၅-မျိုး**

ထိုတဏှာဆန္ဒသည်-

၁။ ကာမဝတ္ထုတို့ကို ရှာမှီးသောအားဖြင့်ဖြစ်သော တဏှာဆန္ဒ= ကာမဝတ္ထုတို့ကို ရှာဖွေသော အခါဖြစ်သည့် တဏှာဆန္ဒတည်းဟူသော ပရိယေသနဆန္ဒ၊

၂။ ကာမဝတ္ထုတို့ကို ရရှိခြင်းကို အကြောင်းပြု၍ဖြစ်သော တဏှာဆန္ဒတည်းဟူသော ပဋိလာဘ ဆန္ဒ၊

၃။ ထိုကာမဝတ္ထုတို့ကို သုံးဆောင်သောအားဖြင့် ဖြစ်သော (ဝါ) သုံးဆောင်သောအခါ ဖြစ်သော တဏှာဆန္ဒတည်းဟူသော ပရိဘောဂဆန္ဒ၊

၄။ ထိုရရှိအပ်သော ကာမဝတ္ထုတို့ကို သိုမှီးသိမ်းဆည်း စောင့်ရှောက် လုံခြုံစေသောအားဖြင့် ဖြစ်သော (ဝါ) သိုမှီးသိမ်းဆည်း စောင့်ရှောက် လုံခြုံစေသောအခါဖြစ်သော တဏှာဆန္ဒတည်းဟူသော သန္နိဓိဆန္ဒ၊

၅။ "ဤမင်းမှုထမ်းများသည် ငါ့ကို စောင့်ရှောက်ကာကွယ်ကြလိမ့်မည်"ဟု အောက်မေ့ကာ မင်းတို့၏ အမှုထမ်းများအား ဆုလာဘ်ရိက္ခာ ပေးကမ်းစွန့်ကြဲခြင်းမျိုးကဲ့သို့ ပစ္စုပ္ပန်ဘဝ၌ အကာ အကွယ် အစောင့်အရှောက်ရခြင်းစသော အကျိုးကို မြော်ကိုးကြံစည်၍ ပေးစွန့်သောအားဖြင့် ဖြစ်သော (ဝါ) ပေးစွန့်သောအခါဖြစ်သော တဏှာဆန္ဒတည်းဟူသော ဝိဿဇ္ဇနဆန္ဒ-ဟူ၍ ၅-ပါးအပြား ရှိ၏။

**ဆောင်။ ရှာ, ရ, သုံးချင်၊ သိမ်း, ပေးချင်၊ ငါးအင် လိုဆန္ဒ။**

(သက္ကပဉ္စသုတ်တရားတော်၊ မဟာစည်ဆရာတော်)

**သူ့အကြောင်းနဲ့ သူဖြစ်**

"လိုချင်ခြင်း တဏှာဆန္ဒကြောင့် ချစ်ခြင်း, မုန်းခြင်းဖြစ်သည်"ဟူရာ၌ ထိုထိုကာမဝတ္ထုများကို လိုချင်၍ ရရှိလျှင် ချစ်ခြင်းဖြစ်သည်။ လိုချင်ပါလျက် မရရှိလျှင် မုန်ခြင်းဖြစ်သည်။

*******************

## နံပတ်(၄) အမေးနှင့် အဖြေ

မေး။ မြတ်စွာဘုရား... **အဘယ်တရားကြောင့် လိုချင်မှု-တဏှာဆန္ဒ ဖြစ်ပါသနည်း?** အဘယ်တရား ရှိသော် လိုချင်မှု-တဏှာဆန္ဒဖြစ်၍, အဘယ်တရား မရှိသော် လိုချင်မှု-တဏှာဆန္ဒ မဖြစ်ပါသနည်း?

ဖြေ။ သိကြားမင်း... **ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း-ဝိနိစ္ဆယ ဝိတက်ကြောင့် လိုချင်မှု-တဏှာဆန္ဒ ဖြစ်ရ၏။** ထိုဆုံးဖြတ်ကြံစည်ခြင်း ဝိနိစ္ဆယ-ဝိတက်ရှိသော် တဏှာဆန္ဒဖြစ်၍၊ မရှိသော် မဖြစ်ပေ။

## ကြံစည်ခြင်း-ဝိတက် ၂-မျိုး

ဤအရာ၌ ကြံစည်ခြင်း-ဝိတက်အရ အမှတ်မထင် ဝိတက်ကို ကောက်ယူရမည် မဟုတ်။ ဆုံးဆုံးဖြတ်ဖြတ် ကြံစည်တတ်သော ဝိတက်ကိုသာလျှင် ကောက်ယူရမည်။ ထိုဆုံးဖြတ်မှုသည်လည်း-

(၁) တဏှာစရိုက်အပြား ၁၀၈-ပါးတည်းဟူသော တဏှာဖြင့် ဆုံးဖြတ်မှု= တဏှာဝိနိစ္ဆယ၊

(၂) မိစ္ဆာဒိဋ္ဌိအပြား ၆၂-ပါးတည်းဟူသော ဒိဋ္ဌိဖြင့်ဆုံးဖြတ်မှု= ဒိဋ္ဌိဝိနိစ္ဆယဟူ၍ ၂-ပါးရှိ၏။ ထိုဟောတော်မူအပ်သော တဏှာဝိနိစ္ဆယဖြင့် ကောင်းသည်,ဆိုးသည်၊ ချစ်ဖွယ်ရှိသည်, မရှိသည်များကို ပိုင်းပိုင်းဖြတ်ဖြတ် မဆုံးဖြတ်နိုင်။

မှန်၏။ ပစ္စည်းဝတ္ထု တစ်ခုတည်း၌ပင် အချို့သူအဖို့ အလိုရှိအပ်သောဝတ္ထုဖြစ်၍, အချို့သူအဖို့ အလိုမရှိအပ်သော ဝတ္ထုဖြစ်နေ၏။ ဥပမာ... တီကောင်သည် ပစ္စန္တရာဇ်မင်းတို့အဖို့ အလွန်အလိုရှိအပ်သော ဣဋ္ဌဝတ္ထုဖြစ်၍၊ မဇ္ဈိမတိုက်သား မင်းများအဖို့ အလွန်စက်ဆုပ်ရွံရှာအပ်သော အနိဋ္ဌဝတ္ထု ဖြစ်နေ၏။ သမင်သားသည် မဇ္ဈိမတိုက်သား မင်းများအဖို့ အလွန်အလိုရှိအပ်သော ဣဋ္ဌဝတ္ထုဖြစ်၍၊ ပစ္စန္တရာဇ်မင်းများအဖို့ အလွန်အလိုမရှိအပ်သော အနိဋ္ဌဝတ္ထု ဖြစ်၍နေသကဲ့သို့တည်း။

စင်စစ်သော်ကား တဏှာဝိနိစ္ဆယဖြင့် မဆုံးဖြတ်အပ်၊ ရရှိအပ်သော ဝတ္ထုအပေါ်၌ "ဤရွှေ ဤမျှကား ငါ့အတွက် ဖြစ်လိမ့်မည်၊ ဤရွှေ ဤမျှကား သူတပါးအတွက် ဖြစ်ပစေ၊ ဤရွှေ ဤမျှကို သိမ်းဆည်းထားမည်၊ ဤရွှေ ဤမျှကို သူတပါးအား ပေးမည်"စသည်ဖြင့် ပိုင်းပိုင်းဖြတ်ဖြတ် ဆုံးဖြတ်နိုင်မှုသည် ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်းတည်းဟူသော ဝိတက္ကဝိနိစ္ဆယကြောင့် ဖြစ်ရ၏။

ဆိုလိုရင်းကား- မိမိရရှိအပ်သော ဝတ္ထုပေါ်၌ ဆိုအပ်ပြီးသည့်အတိုင်း ဝိတက်ဖြင့် ပိုင်းပိုင်း ဖြတ်ဖြတ် ဆုံးဖြတ်သည်။ ယင်းဆုံးဖြတ်အပ်ပြီးသော ဝတ္ထု၌ တဏှာဆန္ဒဖြင့် သာယာတပ်မက် နှစ်သက်သည်။ ထို့ကြောင့် "ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း=ဝိနိစ္ဆယဝိတက်ကြောင့် လိုချင်ခြင်း တဏှာဆန္ဒ ဖြစ်ရသည်"ဟု မြတ်စွာဘုရား ဖြေကြားတော်မူ၏။

## ဤသို့လည်း မှတ်လေဦး

ကြံစည်ဆုံးဖြတ်ခြင်းသည် တဏှာဖြင့် ကြံစည်ဆုံးဖြတ်ခြင်း၊ ဒိဋ္ဌိဖြင့် ကြံစည်ဆုံးဖြတ်ခြင်းဟု ၂=မျိုးရှိ၏။ ရှင်းအောင်ဆိုရသော် လိုချင်နှစ်သက်စရာအနေဖြင့် ထင်မြင်ခြင်းနှင့် ပုဂ္ဂိုလ်သတ္တဝါ အနေဖြင့် ထင်မြင်ခြင်း ဖြစ်၏။

ဥပမာ... မြင်ပြီးလျှင် လိုချင်နှစ်သက်စရာအဲစ် ထင်မြင်တာက တဏှာဖြင့် ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်ပြီး၊ ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ထင်မြင်တာက ဒိဋ္ဌိဖြင့် ကြံစည်ဆုံးဖြတ်ခြင်း ဖြစ်၏။ ထို့ကြောင့် မြင်ခိုက်, ကြားခိုက် စသည်၌ မရှုမှတ်နိုင်လျှင် ထိုကြံစည်ဆုံးဖြတ်မှု ဖြစ်တော့၏။ ထိုကြံစည်ဆုံးဖြတ်မှု ဖြစ်လျှင် လိုချင်နှစ်သက်မှု တဏှာဆန္ဒလည်း ဖြစ်တော့၏။

****************

## နံပတ် (၅) အမေးနှင့် အဖြေ

မေး။ မြတ်စွာဘုရား... **ဝိနိစ္ဆယ ဝိတက်သည် အဘယ့်ကြောင့် ဖြစ်ပါသနည်း?**

ဖြေ။ သိကြားမင်း... **ဝိနိစ္ဆယ ဝိတက်သည် သံသရာကို ချဲ့ထွင်တတ်သော ပပဉ္စသညာ တရားအစု ကြောင့် ဖြစ်ရသည်။**

(ပပဉ္စ-ချဲ့ထွင်ခြင်း၊ သညာ-မှတ်သားခြင်း= ပပဉ္စသညာ- ချဲ့ထွင်ဖို့ မှတ်သားတတ်သော သဘောတရား၊)

**ရှင်းလင်းချက်။ တဏှာ, မာန, ဒိဋ္ဌိ**ဟူသော တရားသုံးပါးကို သံသရာ၌ ချဲ့ထွင်တတ်သောကြောင့်၊ (တနည်း) ထိုတရားတို့နှင့် ပြည့်စုံသောသူကို "တပ်မက်သောသူ, မာန်ယစ်သောသူ, အမှားနှလုံး သွင်းတတ်သူ"ဟူ၍ ထင်ရှားပြတတ်သောကြောင့်၊ (တနည်း) မာန်ယစ်သော အခြင်းအရာ, မေ့လျော့ သော အခြင်းအရာသို့ ရောက်စေတတ်သောကြောင့် ပပဉ္စတရားဟူ၍ ခေါ်ဆိုအပ်၏။ ဤသုံးပါးတို့တွင် **တဏှာပပဉ္စကို အလိုရှိအပ်၏။ (ဆောင်= ဒိဋ္ဌိ, တဏှာ၊ မာနပါ၊ သုံးဖြာ ပပဉ္စ။)**

ထိုတဏှာပပဉ္စတရားနှင့် ယှဉ်သောသညာသည် ရူပသညာ, သဒ္ဒသညာ, စသည်ဖြင့် အာရုံ အလိုက် ၆-ပါး, ၆-စု ရှိလေသည်။ ထိုသညာတရားအစုကြောင့် ဆုံးဆုံးဖြတ်ဖြတ် ကြံစည်ခြင်း ဝိနိစ္ဆယ ဝိတက် ဖြစ်လေသည်။

**ဝိပဿနာ၌ ဤသို့ ဆင်ခြင်လေ-**

မြင်ပြီး, ကြားပြီးလို့ ချက်ချင်းရှုမှတ် မသိနိုင်သူမှာ ထိုနယ်ချဲ့တရား သုံးပါးဖြစ်တော့၏။ မြင်ရ, ကြားရသည်များကို နှစ်သက်သာယာပြီး ပုံကြီးချဲ့ဖို့ရန်၊ သို့မဟုတ် မာန်ထောင်လွှားပြီး ပုံကြီးချဲ့ဖို့ရန်၊ သို့မဟုတ် ပုဂ္ဂိုလ်သတ္တဝါအနေဖြင့် ပုံကြီးချဲ့ဖို့ရန် အဆင်သင့်ဖြစ်နေတော့၏။

မြင်ဆဲခဏ၌ အဆင်းမျှကိုသာ မြင်ရ၏။ ၎င်းကို ပြန်လည်ဆင်ခြင်သောအားဖြင့် တဏှာက သာယာနှစ်သက်ဖွယ် အနေဖြင့် ပုံကြီးချဲ့ဖို့ အဆင်သင့် စွဲမှတ်ထား၏။ မာနကလဲ ဂုဏ်ယူပြီး မာန်တက်ဖွယ် အနေဖြင့် ပုံကြီးချဲ့ဖို့ အဆင်သင့် စွဲမှတ်ထား၏။ ဒိဋ္ဌိကလဲ အတ္တကောင်အနေဖြင့် ပုံကြီးချဲ့ရန် အဆင်သင့် စွဲမှတ်ထား၏။

****************

## နံပတ် (၆-၇-၈) အမေးနှင့် အဖြေ

မေး။ မြတ်စွာဘုရား အဘယ်သို့ ကျင့်သောရဟန်းသည် သံသရာ၌ ချဲ့ထွင်တတ်သည် ပပဉ္စတရားနှင့် ယှဉ်သော သညာတရားအစု၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်ပါသနည်း?

## ဝေဒနာကမ္မဋ္ဌာန်း

(က) ဝမ်းမြောက်ခြင်း သောမနဿဝေဒနာသည်လည်း မှီဝဲအပ်သော သေဝိတဗ္ဗ သောမနဿနှင့်၊
မမှီဝဲအပ်သော အသေဝိတဗ္ဗ သောမနဿ ဟူ၍ နှစ်ပါးရှိ၏။

(ခ) နှလုံးမသာယာခြင်း ဒေါမနဿဝေဒနာသည်လည်း မှီဝဲအပ်သော သေဝိတဗ္ဗ ဒေါမနဿနှင့်၊
မမှီဝဲအပ်သော အသေဝိတဗ္ဗ ဒေါမနဿဟူ၍ နှစ်ပါးရှိ၏။

(ဂ) လျစ်လျူရှုခြင်း ဥပေက္ခာဝေဒနာသည် မှီဝဲအပ်သော သေဝတဗ္ဗ ဥပေက္ခာနှင့်၊
မမှီဝဲအပ်သော အသေဝိတဗ္ဗ ဥပေက္ခာဟူ၍ နှစ်ပါးရှိ၏။

**မမှီဝဲအပ်သော သောမနဿနှင့် မှီဝဲအပ်သော သောမနဿ**

အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားမည့် ဝမ်းမြောက်ခြင်း သောမနဿကို မှီဝဲအပ်သော သောမနဿဟု ခေါ်၏။ အကုသိုလ်တရားများ တိုးပွားပြီး ကုသိုလ်တရားများ ဆုတ်ယုတ်မည့် ဝမ်းမြောက်ခြင်း သောမနဿကို မမှီဝဲအပ်သော သောမနဿဟု ခေါ်၏။

(ဒေါမနဿနှင့် ဥပေက္ခာတို့လည်း ဤနည်းတူပင် ဖြစ်၏။)

**ဝိတက်,ဝိစာရ ပါ,မပါ သောမနဿ ၂-မျိုး**

ထိုမှီဝဲအပ်သော သောမနဿ ဝေဒနာ၌ အကြင်ဝမ်းမြောက်ခြင်း သောမနဿသည် ကြံစည်ခြင်း=ဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်း=ဝိစာရနှင့်လည်း တကွဖြစ်၏။ (၎င်းကို သဝိတက္က-သဝိစာရ သောမနဿဟု ခေါ်၏။)

အကြင်ဝမ်းမြောက်ခြင်း သောမနဿဝေဒနာသည်ကား ကြံစည်ခြင်း=ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း=ဝိစာရလည်း မရှိ။ (၎င်းကို အဝိတက္က-အဝိစာရ သောမနဿဟု ခေါ်၏။)

ဤသောမနဿ နှစ်မျိုးတို့တွင် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော ဝမ်းမြောက်ခြင်း (အဝိတက္က-အဝိစာရ-သောမနဿ)သည် သာလွန်၍ မြင့်မြတ်၏။

**ဝိတက်,ဝိစာရ ပါ,မပါ ဒေါမနဿ ၂-မျိုး**

မှီဝဲအပ်သော နှလုံးမသာခြင်း ဒေါမနဿဝေဒနာ၌လည်း အကြင် ဒေါမနဿဝေဒနာသည် ကြံစည်ခြင်း ဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်း ဝိစာရနှင့်လည်း တကွဖြစ်၏။ (၎င်းကို သဝိတက္က-သဝိစာရ-ဒေါမနဿဟု ခေါ်၏။)

အကြင်ဒေါမနဿဝေဒနာသည် ကြံစည်ခြင်း ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း ဝိစာရလည်း မရှိ။ (၎င်းကို အဝိတက္က-အဝိစာရ-ဒေါမနဿဟု ခေါ်၏။)

ဤဒေါမနဿဝေဒနာ နှစ်မျိုးတို့တွင် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော အဝိတက္က-အဝိစာရ-ဒေါမနဿသည် သာလွန်၍ မြင့်မြတ်၏။

**ဝိတက်,ဝိစာရ ပါ,မပါ ဥပေက္ခာ ၂-မျိုး**

မှီဝဲအပ်သော လျစ်လျူရှုခြင်းဝေဒနာ၌လည်း အကြင် ဥပေက္ခာဝေဒနာသည် ကြံစည်ခြင်း ဝိတက်နှင့်လည်း တကွဖြစ်၏။ သုံးသပ်ခြင်း ဝိစာရနှင့်လည်း တကွဖြစ်၏။ (၎င်းကို သဝိတက္က-သဝိစာရ-ဥပေက္ခာဟု ခေါ်၏။)

အကြင်ဥပေက္ခာဝေဒနာသည် ကြံစည်ခြင်း ဝိတက်လည်း မရှိ၊ သုံးသပ်ခြင်း ဝိစာရလည်း မရှိ။ (၎င်းကို အဝိတက္က-အဝိစာရ-ဥပေက္ခာဟု ခေါ်၏။)

ဤဥပေက္ခာဝေဒနာ နှစ်မျိုးတို့တွင် ဝိတက်လည်း မရှိ, ဝိစာရလည်း မရှိသော အဝိတက္က-အဝိစာရ-ဥပေက္ခာသည် သာလွန်၍ မြင့်မြတ်၏။

သိကြားမင်း.... ဤသို့ ကျင့်သောရဟန်းသည် သံသရာ၌ ချဲ့ထွင်တတ်သည် ပပဉ္စတရားနှင့် ယှဉ်သော သညာတရားအစု၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏။

**အဌကထာမှလာသော မှတ်သားဖွယ်ရာ အဓိပ္ပါယ်များ…**

ဤနေရာ၌ သိကြားမင်းက နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ပုဂ္ဂလာဓိဋ္ဌာန်နည်းအားဖြင့် မေး၏။ ဘုရားရှင်က ဓမ္မာဓိဋ္ဌာန်နည်းအားဖြင့် ဝေဒနာကမ္မဋ္ဌာန်းဖြင့် ဖြေကြားတော်မူ၏။ ထိုသို့ ဟောရာ၌ သောမနဿဝေဒနာ ကမ္မဋ္ဌာန်း၊ ဒေါမနဿဝေဒနာကမ္မဋ္ဌာန်း၊ ဥပေက္ခာဝေဒနာကမ္မဋ္ဌာန်း အားဖြင့် သုံးပါးဟောတော်မူ၏။

**အမေးတခြား, အဖြေတခြား ဖြစ်မနေဘူးလား?**

ဤ၌ သိကြားမင်းက "အဘယ်သို့ကျင့်သော ရဟန်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်ပါသနည်း"ဟု မေးလျှောက်ရာ၊ ဘုရားရှင်က "ဤသို့ ဤပုံ ကျင့်သောရဟန်းသည် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကို ကျင့်သည်မည်၏"ဟု တိုက်ရိုက်ဖြေကြားမမူပဲ ဝေဒနာသုံးပါးကို ဖြေကြားတော်မူ၏။ ဤနေရာ၌ အမေးနှင့်အဖြေ ဆက်စပ်မှုကော ရှိပါသလား? အမေးတခြား, အဖြေတခြား ဖြစ်မနေဘူးလား? ဟု စောကြောစရာ ဖြစ်နေ၏။

အဖြေကား-- ဤပုစ္ဆာ၌ ပုဂ္ဂလာဓိဋ္ဌာန်နည်း=ကျင့်သောပုဂ္ဂိုလ်ကို ဦးတည်၍ အကျင့်ပဋိပတ်ကို မေးမြန်းသောနည်းဖြင့် သိကြားမင်းက နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်ကို မေးသည်။ ဘုရားက လည်း နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပေါင်းများစွာ အနက် သိကြားမင်း၏ အလိုအဇ္ဈာသယနှင့် လိုက် လျောညီထွေဖြစ်မည့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းဖြစ်သည့် နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာတရား အဦးမူ၍ ဟောတော်မူလိုရကား ဝေဒနာသုံးပါးကို အစထား၍ ဟောတော်မူ၏။

ထို့ကြောင့် သိကြားမင်းမေးသည် နိဗ္ဗာန်ရောက်ကြောင်း အကျင်လမ်းကိုပင် ဘုရားရှင်က ဝေဒနာသုံးပါး အဦးမူ၍ နာမ်ကမ္မဋ္ဌာန်း အကျင့်လမ်းဖြင့် နိဗ္ဗာန်ရောက်ကြောင်းကို ဟောအပ်ရကား အမေးနှင့်အဖြေ ဆက်စပ်မိပါသည်။ (ဤကား အကျဉ်းအဖြေတည်း။)

**နာမ်ကမ္မဋ္ဌာန်းဟောရခြင်းအကြောင်း အကျယ်ရှင်းပြချက်…**

နတ်တို့အဖို့ရာ ရုပ်တရားထက် နာမ်တရားက သာ၍ ထင်ရှား၏။ နာမ်တရားတွင်လည်း ဝေဒနာ သည် သာ၍ ထင်ရှား၏။ အကြောင်းကား နတ်တို့၏ ကာရဇကာယခေါ် ခန္ဓာကိုယ်သည် လူတို့ထက် အဆများစွာ သိမ့်မွေ့လှ၏။ အားကြီးသော ကုသိုလ်ကံအကြောင်းကြောင့် ဖြစ်ရသောကြောင့်၎င်း၊ ချိုမြိန်လှသည့် နတ်သုဒ္ဓါကိုပင် ကြေညက်စေနိုင်သောကြောင့်၎င်း ကမ္မဇတေဇော-ဝမ်းမီးဓာတ်သည် အားကြီးလှ၏။ ထိုသို့ ခန္ဓာကိုယ် အလွန်သိမ်မွေ့ခြင်း, ဝမ်းမီးဓာတ်အားကြီးခြင်းတို့ကြောင့် အာဟာရ တစ်နပ်မျှကိုပင် မစားပဲ မတည်နိုင်ကြကုန်။ တစ်နပ်မျှ မစားရလျှင် ပြင်းစွာသော ဒုက္ခဝေဒနာဖြစ်ပြီး

လောလောပူသည့် ကျောက်ပြားပေါ်၌ တင်ထားအပ်သော ထောပတ်ခဲကဲ့သို့ ထိုနတ်တို့ခန္ဓာကိုယ်သည် ကြေမွပျက်စီး၍ သွားလေ၏။

ဤအချက်ကို ထောက်ဆ၍ နတ်တို့၏သန္တာန်၌ ဒုက္ခဝေဒနာသည် အလွန်ထင်ရှား၏။ ထို့အတူ ပင် အလွန်ကောင်းမြတ်သော အာရုံတို့၌ ဖြစ်ပေါ်ရသော သုခဝေဒနာ၊ ငြိမ်သက်ခြင်းသဘောရှိသည့် ဥပေက္ခာဝေဒနာသည်လည်း အလွန်ထင်ရှားလှ၏။ ထို့ကြောင့် ဘုရားက သောမနဿ, ဒေါမနဿ, ဥပေက္ခာဟူသော ဝေဒနာကမ္မဋ္ဌာန်းသုံးပါးကို ဟောတော်မူခြင်းဖြစ်၏။

## ကမ္မဋ္ဌာန်းတို့ သဘောတရား...

ချဲ့ပြရလျှင်... ကမ္မဋ္ဌာန်းသည် (၁)ရုပ်ကမ္မဋ္ဌာန်း=ရုပ်တရားတို့ကို သိမ်းဆည်းခြင်း၊ (၂) နာမ် ကမ္မဋ္ဌာန်း=နာမ်တရားတို့ကို သိမ်းဆည်းခြင်းဟု နှစ်ပါးရှိ၏။ ထို၂-ပါးတို့တွင် မြတ်စွာဘုရားသည် ရုပ်တရား ထင်ရှားသော ဝေနေယျသတ္တဝါတို့အား အကျဉ်းရှုနည်းအားဖြင့်၎င်း, အကျယ်ရှုနည်း အားဖြင့်၎င်း ဓာတ်လေးပါး ကမ္မဋ္ဌာန်းကို များသောအားဖြင့် အကျယ်ဖွင့်ပြလျက် ရုပ်ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

နာမ်တရားထင်ရှားသော ဝေနေယျသတ္တဝါတို့အား နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။ ယင်းသို့ ဟောတော်မူသည်ရှိသော ထိုနာမ်၏ တည်ရာဖြစ်သော ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးစွာ ဟောပြီးမှသာ နာမ် ကမ္မဋ္ဌာန်းကို ဟောတော်မူ၏။

(သို့ရကား သိကြားမင်းအား နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာဝယ် ရုပ်ကမ္မဋ္ဌာန်း တစိတ်တဒေသကို ဟောတော်မူပြီးမှသာ နာမ်ကမ္မဋ္ဌာန်းကို အကျယ်ဟောတော်မူ၏။ ပါဠိတော်၌ကား နာမ်ကမ္မဋ္ဌာန်း ဟောတော် မူပုံကိုသာ ဒေသနာအစဉ် တင်ထားအပ်၏ဟု မှတ်ယူရာ၏။)

## နတ်တို့မှာ နာမ်ကထင်ရှား...

နတ်တို့မှာ နာမ်တရားက ထင်ရှားသောကြောင့် ထိုနာမ်ကမ္မဋ္ဌာန်းအနေအားဖြင့် ဝေဒနာသုံးကို စ၍ ဟောတော်မူ၏။ ချဲ့ပြပါအံ့... နာမ်ကမ္မဋ္ဌာန်းအရာ၌ အစအဦး အားထုတ်ခြင်း နှလုံးသွင်းခြင်းသည်-

(၁) **ဖဿ**၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း၊

(၂) **ဝေဒနာ**၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်း၊

(၃) **စိတ်**၏အစွမ်းအားဖြင့် နှလုံးသွင်းခြင်းဟူ၍ သုံးမျိုးရှိ၏။

(ဤသို့ ခွဲခြမ်းဝေဘန်ရသည်မှာ တရားအလုပ် စ၍ အားထုတ်ခြင်း, လေ့လာခြင်း၌သာ ဖြစ်သည်။ စတင်အားထုတ် လေ့လာ၍ နာမ်တရားများ သဘောပိုင်နိုင်လာပြီးနောက် သမ္မသနဉာဏ်=အနိစ္စ, ဒုက္ခ,

အနတ္တဟု သုံးသပ်သော ဉာဏ်အလုပ်သည်ကား အလုံးစုံသော တရားတို့ကိုပင် သိမ်းဆည်းပြီး၍ ဖြစ်လေသည်)။

ချဲ့ဦးအံ့- (၁)အချို့ပုဂ္ဂိုလ်အား ရုပ်ကမ္မဋ္ဌာန်းကို အကျဉ်းအားဖြင့်ဖြစ်စေ, အကျယ်အားဖြင့် ဖြစ်စေ သိမ်းဆည်းအပ်ပြီးသည်ရှိသော် ထိုရုပ်ကမ္မဋ္ဌာန်းအာရုံ၌ စိတ်,စေတသိက်တို့၏ ရှေးဦးစွာ ကျရောက်ခြင်းသဘောဖြစ်သည့် ထိုအာရုံကို တွေ့ထိလျက်ဖြစ်ပွားသော **ဖဿ**နာမ်တရားသည် ထင်ရှား၏။

(၂)အချို့ပုဂ္ဂိုလ်အား ထိုအာရုံ၏ အရသာကို ခံစားလျက်ဖြစ်ပွားသော **ဝေဒနာ**နာမ်တရားသည် ထင်ရှား၏။

(၃)အချို့ပုဂ္ဂိုလ်အား ထိုအာရုံကို ပိုင်းပိုင်းဖြတ်ဖြတ် သိတတ်သော **ဝိညာဏ်**သည် ထင်ရှား၏။

## ဖဿပဉ္စမက တရားတို့ကို သိမ်းဆည်းခြင်း

ထိုပုဂ္ဂိုလ်သုံးမျိုးတို့တွင် (၁) မိမိဉာဏ်၌ ဖဿနာမ်တရား ထင်ရှားသောပုဂ္ဂိုလ်သည်လည်း ထိုဖဿတရား တစ်ခုတည်းကိုသာ သိမ်းဆည်းရမည် မဟုတ်။ စင်စစ်သော်ကား ထိုဖဿနှင့်အတူတကွ တွဲဖက်လျက် ထိုရုပ်အာရုံ၏ အရသာကို ခံစားတတ်သည့် ဝေဒနာလည်း ဖြစ်၏။ ထိုအာရုံကို မှတ်သား တတ်သည့် သညာလည်း ဖြစ်၏။ ထိုအာရုံ၌ ယှဉ်ဖေါ်ယှဉ်ဖက်တရားတို့ကို စေ့ဆော်တိုက်တွန်းပေး တတ်သော စေတနာလည်း ဖြစ်၏။ အာရုံကိုသိတတ်သော ဝိညာဏ်လည်း ဖြစ်၏။ ထိုဖဿ, ဝေဒနာ, သညာ, စေတနာ, ဝိညာဏ်ဟူသော ဖဿပဉ္စမကတရား (စိတ်မှနေ၍ နောက်ပြန်ရေတွက်လျှင် ဖဿလျှင် ၅-ခုမြောက်ရှိသော တရားစု)တို့ကိုပင်လျှင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

(၂) မိမိဉာဏ်၌ ဝေဒနာတရား ထင်ရှားသောပုဂ္ဂိုလ်သည်လည်း ထိုဝေဒနာတစ်ခုတည်းကိုသာ သိမ်းဆည်းရသည်မဟုတ်။ စင်စစ်သော်ကား ထိုဝေဒနာနှင့် အတူတကွ ထိုအာရုံကို တွေ့ထိတတ်သော ဖဿလည်း ဖြစ်၏။ သညာလည်း ဖြစ်၏။ စေတနာလည်း ဖြစ်၏။ ဝိညာဏ်လည်း ဖြစ်၏။ ထိုဖဿ ပဉ္စမကတရားတို့ကိုပင်လျှင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

(၃) မိမိဉာဏ်၌ စိတ်ဝိညာဏ်တရား ထင်ရှားသော ပုဂ္ဂိုလ်သည်လည်း ထိုစိတ်ဝိညာဏ်တစ်ခု တည်းကိုသာ သိမ်းဆည်းရမည်မဟုတ်။ ထိုစိတ်ဝိညာဏ်နှင့်အတူတကွ ထိုရုပ်အာရုံကို တွေ့ထိတတ် သော ဖဿလည်း ဖြစ်၏။ သညာလည်း ဖြစ်၏။ စေတနာလည်း ဖြစ်၏။ ဤသို့ ဖဿပဉ္စမကတရား တို့ကိုပင် ဉာဏ်ဖြင့် သိမ်းဆည်းရလေသည်။

**ရုပ်နာမ် ၂-ပါး၊ ခန္ဓာ ၅-ပါးမျှသာ တွေ့**

ထိုဖဿပဉ္စမကတရားတို့ကို သိမ်းဆည်းလေ့လာပြီးသော ယောဂီသူမြတ်သည် "ဤဖဿပဉ္စမကတရားတို့သည် အဘယ်တရား၌ မှီကြသနည်း?"ဟု စူးစမ်းဆင်ခြင် သည် ရှိသော် "ဤဖဿပဉ္စမက တရားတို့သည် ဝတ္ထုခေါ်ဆို ဤကရဇခန္ဓာကိုယ် အတ္တဘော၌ မှီကြကုန် ၏"ဟု ကွဲကွဲပြားပြား သိမြင်လာ၏။ ထိုဝတ္ထုခေါ်ဆို ကရဇခန္ဓာကိုယ် အတ္တဘောသည်လည်း တရားကိုယ်အားဖြင့် ဘူတရုပ်, ဥပါဒါရုပ်တို့သာလျှင် ဖြစ်၏။ ဤသို့လျှင် မှီတတ်သော ဖဿပဉ္စမကတရား, မှီရာဝတ္ထုခေါ်သည့် ကရဇကာယအတ္တဘော, ဤနှစ်ပါးတို့အနက် "မှီရာဝတ္ထုဖြစ်သော ကရဇခန္ဓာကိုယ် အတ္တဘောသည် ရုပ်-တရားပါတကား၊ မှီတတ်သော ဖဿပဉ္စမက တရားအစုကား နာမ်တရားပါတကား"ဟု ရုပ်နာမ်တရား နှစ်ပါးမျှကိုသာ ဉာဏ်ဖြင့်ထင်ထင် တွေ့မြင်လာ၏။ ဤရုပ်နာမ်တရား နှစ်ပါးတို့တွင်လည်း ရုပ်တရားသည် ရူပက္ခန္ဓာတည်း၊ နာမ်သည် ခန္ဓာလေးပါးတို့တည်း၊ ဤသို့လျှင် ခန္ဓာငါးပါးမျှသာ ဖြစ်၏။ မှန်၏။ ရုပ်နာမ်နှစ်ပါးမှလွတ်သော ခန္ဓာဟူ၍ မရှိ။ ခန္ဓာငါးပါးမှလွတ်သော ရုပ်နာမ်ဟူ၍လည်း မရှိချေ။

**ကြောင်း+ကျိုးထင်, လက္ခဏာသုံးပါး မြင်**

ဤယောဂီသည် "ဤခန္ဓာငါးပါးတို့သည် အဘယ်တရားလျှင် အကြောင်းရှိသနည်း"ဟု ဆင်ခြင်ပြန်သည်ရှိသော် "ဤခန္ဓာငါးပါးတို့သည် အဝိဇ္ဇာ, တဏှာ, ကံ-စသည်တို့လျှင် အကြောင်းရှိကုန်၏။ (ဝါ) အဝိဇ္ဇာ, တဏှာ, ကံစသည်တို့ကြောင့် ဤခန္ဓာငါးပါးတို့ ဖြစ်ကုန်၏"ဟု အမှန်အတိုင်း သိမြင်လာ၏။

ထို့နောင်မှ ထိုယောဂီသည် "ဤခန္ဓာငါးပါးသည် အကြောင်းတရားနှင့်တကွ အကျိုးတရားသာ ဖြစ်စွတကား။ အကြောင်းတရား, အကျိုးတရားမှတပါး အခြားပုဂ္ဂိုလ်ဟူ၍, သတ္တဝါဟူ၍ မရှိပါတကား။ သက်သက် သင်္ခါရတရားတို့၏ အစုအပုံမျှသာ ဖြစ်စွာ့တကား"ဟူ၍ အကြောင်းနှင့်တကွသော နာမ်ရုပ်တရားတရားတို့ကို ဉာဏ်ဖြင့်ပိုင်ပိုင် သိမ်းဆည်းနိုင်ပြီးလျှင်, ထိုသိမ်းဆည်းအပ်ပြီးသော အကြောင်းနှင့်တကွသော နာမ်ရုပ်တရား နှစ်ပါး၏အစွမ်းဖြင့် လက္ခဏာရေး သုံးပါးတင်၍ ဝိပဿနာဉာဏ်စဉ်အတိုင်း အနိစ္စ, ဒုက္ခ, အနတ္တဟု အဖန်ဖန် ဆင်ခြင်သုံးသပ်လျက် နေတော်မူ၏။ (ဤစကားရပ်ဖြင့် ဗလဝဝိပဿနာကို ပြ၏။)

**ခေါင်ထိပ်သို့ ရောက်..**

ထိုသို့ ဗလဝဝိပဿနာကို ရောက်သောယောဂီသည် "ငါ ယနေ့ပင် မဂ်ဖိုလ်ရတော်မည်ဟဲ့"ဟု မဂ်ဖိုလ်တရားကို လိုလားတောင့်တလျက် ဝိပဿနာအလုပ်ကို ဆက်လက် အားထုတ်လေရာ မဂ်ဖိုလ်ရရန် လျော်ကန်သင့်မြတ်သောနေ့၌ သပ္ပါယဖြစ်သော ဥတု, ပုဂ္ဂိုလ်, ဘောဇဉ်အစာနှင့် သပ္ပါယဖြစ်သော

တရားနာရခြင်း- ဤလေးပါးသော သပ္ပါယကို ရ၍ တထိုင်တည်းဖြင့် ထိုင်နေလျက်ပင် မိမိ၏ ဝိပဿနာ အလုပ်ကို အထွတ်အထိပ်(ဝုဋ္ဌာနဂါမိနိဝိပဿနာ)သို့ ရောက်စေ၍ အရဟတ္တဖိုလ်၌ တည်လေတော့၏။

ဤသို့လျှင် ဖဿတရား ထင်ရှားသောပုဂ္ဂိုလ်, ဝေဒနာတရား ထင်ရှားသောပုဂ္ဂိုလ်, စိတ်-ဝိညာဏ်တရား ထင်ရှားသောပုဂ္ဂိုလ် သုံးမျိုးတို့အတွက် အရဟတ္တဖိုလ်တိုင်အောင် ကမ္မဋ္ဌာန်းတရားကို ဘုရားရှင် ဟောကြားအပ်ပြီးသည်သာလျှင် ဖြစ်၏။

**ဝေဒနာကမ္မဋ္ဌာန်းကိုသာ ဟောရခြင်းအကြောင်း**

ဤသက္ကပဥ္ဉသုတ်၌ကား ဘုရားရှင်သည် နာမ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာ၌ ဝေဒနာသုံးပါးကို ဦးတည်၍ ဟောတော်မူ၏။ မှန်၏။ သိကြားမင်းနှင့်တကွ နတ်အပေါင်းတို့၌ ဖဿကို ဦးတည်၍ဖြစ်စေ, စိတ်ဝိညာဏ်ကို ဦးတည်၍ဖြစ်စေ နာမ်ကမ္မဋ္ဌာန်းကို ဟောကြားခဲ့လျှင် ဝေဒနာကမ္မဋ္ဌာန်းကဲ့သို့ ထင်ရှားလိမ့်မည်မဟုတ်။ အမိုက်မှောင်ကဲ့သို့သာ ထင်ပေမည်။ နတ်တို့အဖို့ရာ ဝေဒနာတရားတို့၏ ဖြစ်ပွားပုံမှာ ထင်ရှားသောကြောင့် ဝေဒနာကို ဦးတည်၍ဟောမှသာ နာမ်ကမ္မဋ္ဌာန်းက ထင်ရှားနိုင်မည်။

**သုခနှင့် ဒုက္ခတို့မှာ ထင်ရှား၏**

ချဲ့ပြအံ့။ သုခဝေဒနာနှင့် ဒုက္ခဝေဒနာတို့ ဖြစ်ပုံသည် ထင်ရှား၏။ သုခဝေဒနာဖြစ်သောအခါ တကိုယ်လုံး ပြန့်နှံ့ယိုစီးစေလျက် "သြော်... ချမ်းသာလေစွ"ဟု ဝေဒနာရှင်ကို ဝမ်းမြောက်စကား မြွက်ကြားစေလျက် ဖြစ်ပေါ်လာ၏။ ဒုက္ခဝေဒနာဖြစ်သောအခါ၌လည်း တကိုယ်လုံး လွှမ်းမိုးနှိပ်စက်တုန်လှုပ် ချောက်ချားစေလျက် "သြော်... ဆင်းရဲလှဘိ၏"ဟု ဝေဒနာရှင်ကို ယောင်ယမ်းမြည်တမ်းပြောဆိုစေလျက်သာ ဖြစ်ပေါ်လာ၏။ ဤသို့လျှင် သုခ,ဒုက္ခ ဝေဒနာနှစ်ပါးတို့ ဖြစ်ပုံသည် ထင်ရှား၏။

**ဥပေက္ခာမှာ မထင်ရှား**

ဥပေက္ခာဝေဒနာကား ပြရန်ခဲယဉ်း၏။ အမိုက်မှောင်ဖြင့် လွှမ်းမိုးထားအပ်သကဲ့သို့ ဖြစ်၏။ ထိုဥပေက္ခာသည် သုခ,ဒုက္ခတို့ ကင်းကွာလတ်သော် ကောင်းသည်လည်း မဟုတ်, ဆိုးသည်လည်း မဟုတ်ပဲ အလယ်အလတ် မထင်မရှား လျစ်လျူခံစားမှုသဘောသည် ဥပေက္ခာဝေဒနာမည်၏ဟု အနုမာန မှန်းဆသောနည်းအားဖြင့် မှတ်ယူသောယောဂီအဖို့ရာ ထင်ရှားလာ၏။ ဥပမာအားဖြင့် ကျောက်ဖျာပေါ် တက်ပြေးသွားသော သမင်ခြေရာကို လိုက်သကဲ့သို့ပင်တည်း။

**အလားတူ သုတ်များ**

ဤသို့လျှင် ဘုရားရှင်သည် သိကြားမင်းအား ရှေးဦးစွာ ရုပ်ကမ္မဋ္ဌာန်းကို ဟောပြီးသည့်နောက် နာမ်ကမ္မဋ္ဌာန်းကို ဝေဒနာသုံးပါး၏ အစွမ်းဖြင့် ဟောတော်မူ၏။ ဤကဲ့သို့ ဟောတော်မူခြင်းမှာ ဤသက္က ပဉှသုတ်သာ မဟုတ်သေး၊ မဟာသတိပဋ္ဌာန်သုတ်, စူဠ/မဟာ တဏှာသင်္ခယ ၂-သုတ်, စူဠ/မဟာ ဝေဒလ္လ ၂-သုတ်, ရဋ္ဌပါလသုတ်, မာဂဏ္ဍိယသုတ်, ဓာတုဝိဘင်္ဂသုတ်, အာနေဉ္ဇသပ္ပါယသုတ် စသည့် များစွာသောသုတ်တို့၌လည်း ဤနည်းအတူ ဟောတော်မူ၏။

**သက္ကပဉှသုတ်၌ ရုပ်ကမ္မဋ္ဌာန်း မတွေ့ရ**

သို့ဖြစ်လျှင် "ဤသုတ်ပါဠိတော်၌ ရုပ်ကမ္မဋ္ဌာန်း မတွေ့ရပါတကား"ဟု မေးဖွယ်ရှိ၏။ အဖြေကား- သိကြားမင်းနှင့်တကွ နတ်တို့မှာကား နာမ်တရားထင်ရှားသော သတ္တဝါများ ဖြစ်ကြ၏။ ထို နာမ်တွင်လည်း ဝေဒနာသည် အထူးထင်ရှား၏။ ထိုကဲ့သို့သော သတ္တဝါတို့အား ရုပ်တရားကို သာမန် သိရုံမျှသာ ရှေးဦးစွာဟောပြီးမှ နာမ်တရားကို အကျယ်ဟောလေ့ရှိ၏။ သို့ရကား ဤသုတ်၌ နာမ်တရား ထင်ရှားသော ဝေနေယျတို့အတွက် ရုပ်တရားကို အကျယ်မဟောတော့ပဲ ဝေဒနာ၏အာရုံဖြစ်သော ရုပ် တရားမျှလောက်ကိုသာ အကျဉ်းချုံး၍ ဟောတော်မူ၏။ ၎င်းနောက် နာမ်ကမ္မဋ္ဌာန်းဆိုင်ရာ ဝေဒနာ သုံးပါးကို အကျယ်ဟောတော်မူ၏။

သို့ရကား ဤသုတ်၌ ရုပ်ကမ္မဋ္ဌာန်းကို ဘုရားရှင်သည် ဝေဒနာ၏အာရုံဖြစ်သော ရုပ်မျှလောက် ကိုသာ သာမန် အကျဉ်းချုံး၍ ဟောအပ်သောကြောင့် ပါဠိတော်၌ မတင်အပ်ပဲ ရှိလေသည်ဟု အဋ္ဌကထာဆရာ ရှင်းပြလေ၏။

**မမှိုဝဲအပ်သော ဂေဟသိတ သောမနဿဝေဒနာ**

"အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်မည့် မမှီဝဲအပ်သော ဝမ်းမြောက်ခြင်း" ဟူသည်မှာ ကာမဂုဏ်၌မှီသော ဝမ်းမြောက်ခြင်း=သောမနဿ ဝေဒနာဖြစ်သည်။ ဤသောမနဿ ဝေဒနာကို "**ဂေဟသိတ သောမနဿဝေဒနာ**"ဟု ခေါ်၏။

အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, ဓမ္မသဘော-ဤ ၆-ပါးသော ကာမတရားအစု= **ကာမဂုဏ်များကို ကာမတဏှာ၏ နေအိမ်ကြီးသဖွယ် ဖြစ်သောကြောင့်** "**ဂေဟ**"ဟု ခေါ်၏။ ထိုဂေဟ မည်သော ကာမတရားအစု-ကာမဂုဏ်များကို အကြောင်းပြု၍ဖြစ်သော တဏှာနှင့် ယှဉ်တွဲ၍ဖြစ်သော ဝမ်းမြောက်ခြင်း သောမနဿဝေဒနာကို ဂေဟသိတ သောမနဿဝေဒနာဟု ခေါ်၏။

ဤဂေဟသိတ သောမနဿဝေဒနာကို မှီဝဲလျှင် (ဝါ) ထပ်တလဲလဲ ဖြစ်ပွားစေလျှင် အကုသိုလ်တရားတို့သာ တိုးပွား၍ ကုသိုလ်တရားတို့ တနေ့တခြား ဆုတ်ယုတ်လေသည်။ ထို့ကြောင့် ဂေဟသိတ သောနမနဿ ဝေဒနာကို မမှီဝဲအပ်ဟူ၍ ဟောတော်မူ၏။

**မှီဝဲအပ်သော နေက္ခမ္မသိတ သောမနဿဝေဒနာ**

အကုသိုလ်တရားများ ဆုတ်ယုတ်ပြီး ကုသိုလ်တရားများ တိုးပွားမည့် မှီဝဲအပ်သော ဝမ်းမြောက်ခြင်းဟူသည်မှာ နေက္ခမ္မ၌မှီသော ဝမ်းမြောက်ခြင်း-သောမနဿ ဝေဒနာဖြစ်သည်။ ဤ၌ ရှင်ရဟန်းပြုခြင်း, ပဌမစျာန်, နိဗ္ဗာန်, ဝိပဿနာတို့နှင့်တကွ ခပ်သိမ်းသောကုသိုလ်တရားတို့ကို ထိုထို အနှောင်အဖွဲ့များ, နီဝရဏစသော ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်သောကြောင့် "နေက္ခမ္မ"ဟူ၍ ခေါ်၏။

ထင်ရှားစေဦးအံ့။ "သံသရာဝဋ်မှ ငါထွက်မြောက်ရတော့မည်"ဟု ရည်မှန်းကာ ရှင်ရဟန်းပြုဖို့ရန် ရဟန်းတို့ထံ သွားရောက်ရဟန်းပြုသူ, ရှင်ရဟန်းပြုပြီး စတုပါရိသုဒ္ဓိသီလကို ကျင့်ကြံသူ, ဓုတင်ကျင့်သူ, ကသိုဏ်းပရိကံ အားထုတ်သူ, စျာန်ရသောသူ, ထိုစျာန်ကို အခြေပြု၍ ဝိပဿနာပွားသူတို့၏ ပဋိပတ်လုပ်ငန်းများကို "နေက္ခမ္မ"ဟု ခေါ်သည်။ ယင်းနေက္ခမ္မလုပ်ငန်းများကို အကြောင်းပြု၍ ဝမ်းမြောက်ခြင်းကို နေက္ခမ္မသိတ-သောမနဿဝေဒနာဟု ခေါ်၏။

၎င်းကို မှီဝဲလျှင် (ဝါ) ထပ်ပြန်တလဲလဲ ဖြစ်ပွားစေလျှင် အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားလေ၏။

ပဗ္ဗဇ္ဇာ ပဌမံ စျာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ။ (ဣတိဝုတ်၊ ၄၊ ၃၃၁)

တောထွက်ခြင်း, ရဟန်းပြုခြင်းကိုငှ်း, ပဌမစျာန်ကိုငှ်း, နိဗ္ဗာန်ကိုငှ်း, ဝိပဿနာကိုငှ်း, အလုံးစုံသော ကုသိုလ်တရားတို့ကိုငှ်း "နေက္ခမ္မ"ဟူ၍ ဆိုအပ်၏။

(ဆောင်) ထွက်ခွါ, ရှုသိ၊ နုဿတိ တတန်၊ အောက်သုံးစျာန်၊ မှီရန် ဝမ်းသာမှု။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အနုမာသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။
ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။ (ဓမ္မပဒ၊ ၃၇၃/၄)

ဆိတ်ငြိမ်ရာအရပ်သို့ ဝင်ရောက်၍ ကောင်းစွာ တရားကိုရှုမှတ်လျက် ဆိတ်ငြိမ်သော စိတ်ရှိသော ရဟန်းအား လူသာမန်တို့နှင့် မထိုက်တန်သော ဝိပဿနာ,စျာန်စသော တရား၌ မွေ့လျော်ခြင်းသည် ဖြစ်ပေါ်လာ၏။

ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း နှစ်သက်မှု-ပီတိ, ဝမ်းမြောက်မှု-ပါမောဇ္ဇကို ရ၏။ ထိုနှစ်သက်,ဝမ်းမြောက်ခြင်းသည်ပင် တရားမှန်ကို သိသော ပညာရှိတို့အတွက် နိဗ္ဗာန်ရောက်ကြောင်းပင်တည်း။

ကာမဂုဏ်မှီကာ၊ ဝမ်းသာတာ၊ ပယ်ခွါစွန့်ရမည်။
နေက္ခမ္မမှီကာ၊ ဝမ်းသာတာ၊ ကောင်းစွာ မှီရမည်။

## သဝိတက္က-သဝိစာရ သောမနဿနှင့် အဝိတက္က-အဝိစာရ သောမနဿ ၂-မျိုး

ထိုနေက္ခမ္မသိတ သောမနဿဝေဒနာသည်လည်း-

(၁) သဝိတက္က-သဝိစာရ သောမနဿ= ဝိတက်, ဝိစာရနှင့် တကွဖြစ်သော သောမနဿ (ရဟန်းပြုရန် ရဟန်းတို့ထံ သွားရောက်သည်မှစ၍ ပဌမစျာန်ရသည့်တိုင်အောင် ဤအတွင်း၌ ဖြစ်ပွားသမျှ သောမနဿ)ဝေဒနာ၊

(၂) အဝိတက္က-အဝိစာရ သောမနဿ= ဝိတက်,ဝိစာရနှင့် မယှဉ်သော သောမနဿ (ဒုတိယစျာန်, တတိယစျာန်တို့၌ ပါရှိသော နေက္ခမ္မသိတ သောမနဿ) ဝေဒနာဟူ၍ ၂-မျိုးရှိ၏။

ထိုနှစ်ပါးတို့တွင် ဒုတိယဖြစ်သော အဝိတက္က-အဝိစာရ သောမနဿ ဝေဒနာသည် သာလွန်၍ မြင့်မြတ်၏။

## ရဟန်းနှစ်ပါး အားထုတ်ပုံ

နှစ်ဦးသော ရဟန်းတို့၏ အရဟတ္တဖိုလ်ကို ဟောကြားအပ်၏။

(၁) တဦးသောရဟန်းသော သဝိတက္က-သဝိစာရ သောမနဿဝေဒနာ (ကာမာဝစရ သောမနဿ ဝေဒနာနှင့် ရူပါဝစရ ပထမစျာန် သောမနဿဝေဒနာ)၌ ဝိပဿနာ အားထုတ်သည်သည်ရှိသော် "ထိုသောမနဿဝေဒနာသည် အဘယ်ကို မှီသနည်းဟု ဆင်ခြင်သော် ကရဇကာယတည်းဟူသော ခန္ဓာကိုယ် အတ္တဘောကို မှီ၏ဟု သိမြင်လာ၏။ ထို့နောက် ရှေး၌ဆိုပြီးသည့်အတိုင်း ဆက်လက် အားထုတ်လေလျှင် အစဉ်သဖြင့် အရဟတ္တဖိုလ်၌ တည်လေ၏။

(၂) အခြားရဟန်းတပါးသည် အဝိတက္က-အဝိစာရ သောမနဿဝေဒနာ (ရူပ ဒုတိယဈာန်, တတိယဈာန်တို့နှင့် ယှဉ်သော သောမနဿဝေဒနာ)၌ ဝိပဿနာအလုပ် အားထုတ်သည်ရှိသော် ရှေး၌ ဆိုပြီးသည့်အတိုင်း အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုရဟန်းနှစ်ပါး နှလုံးသွင်းအပ်သော သောမနဿဝေဒနာတို့အနက် ပထမရဟန်း နှလုံးသွင်း အပ်သော အာရုံဖြစ်သည့် သဝိတက္က-သဝိစာရ သောမနဿဝေဒနာထက် ဒုတိယရဟန်း နှလုံးသွင်း အပ်သော အာရုံဖြစ်သည့် အဝိတက္က-အဝိစာရ သောမနဿ ဝေဒနာက သာလွန်မြင့်မြတ်၏။

ထိုဝေဒနာနှစ်ပါးကို အနိစ္စ, ဒုက္ခ, အနတ္တဟု ဝိပဿနာရှုသော စိတ္တုပ္ပါဒ်တွင်လည်း ပထမရဟန်း ၏ သန္တာန်၌ဖြစ်သော အာရမ္မဏိကဖြစ်သည့် သဝိတက္က-သဝိစာရ ဝိပဿနာထက် ဒုတိယရဟန်း၏ သန္တာန်၌ဖြစ်သော အာရမ္မဏိဖြစ်သည့် အဝိတက္က-အဝိစာရ ဝိပဿနာက သာလွန်မြင့်မြတ်၏။

ပထမရဟန်း ရရှိသည့် သဝိတက္က-သဝိစာရ သောမနဿ ဖလသမာပတ်ထက် ဒုတိယရဟန်း ရရှိသည့် အဝိတက္က-အဝိစာရ သောမနဿ ဖလသမာပတ်က သာလွန်၍ မြင့်မြတ်၏။

ထို့ကြောင့် "အဝိတက္က-အဝိစာရ သောမနဿဝေဒနာသည် သာလွန်၍ မြင့်မြတ်၏"ဟု မြတ်စွာ ဘုရား ဟောတော်မူ၏။

*******************

**မမှီဝဲအပ်သော ဂေဟသိတ ဒေါမနဿဝေဒနာ**

အကုသိုလ်တရားများ တိုးပွားပြီး ကုသိုလ်တရားများ ဆုတ်ယုတ်မည့် မမှီဝဲအပ်သော နှလုံး မသာယာခြင်း ဒေါမနဿဝေဒနာဟူသည်မှာ "ဂေဟသိတ-ဒေါမနဿ ဝေဒနာဖြစ်သည်။ ဂေဟသိတ ဒေါမနဿ ဝေဒနာဟူသည်လည်း ဒွါရခြောက်ပါးတို့၌ အလိုရှိအပ် တောင့်တအပ်သော အာရုံ၆-ပါး ကာမဂုဏ်များကို တောင့်တတိုင်း မရသဖြင့် "ငါ့မှာ ဤကာမဂုဏ်တရားတို့ကို မရလေခြင်း"ဟု နှလုံး ပူပန်သောသူ, ရပြီးသော ကာမဝတ္ထု တရားစုတို့ ပျက်စီးချုပ်ပျောက်ရာ၌ "ငါ့မှာ ရပြီးသော ကာမတရား စုတို့ ချုပ်ပျောက်ကုန်ပြီတကား"ဟု နှလုံးပူပန်သောသူတို့၏ သန္တာန်၌ ကာမဝတ္ထု တရားစုကိုမှီ၍ (အာရုံပြု၍)ဖြစ်သော နှလုံးမသာယာခြင်း=ဒေါမနဿဝေဒနာဖြစ်သည်။

ယင်း ဂေဟသိတ-ဒေါမနဿဝေဒနာကို ထပ်တလဲလဲ ဖြစ်ပွားစေလျှင် အကုသိုလ်တရားတို့သာ တိုးပွား၍, ကုသိုလ်တရားတို့ တနေ့တခြား ဆုတ်ယုတ်လေ၏။ ထို့ကြောင့် ၎င်းကို မမှီဝဲအပ်-မမှီဝဲ ကောင်းဟု မြတ်စွာဘုရားက ဟောတော်မူခြင်း ဖြစ်၏။

## မှီဝဲအပ်သော နေက္ခမ္မသိတ-ဒေါမနဿဝေဒနာ

အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားမည့် မှီဝဲကောင်းသော နှလုံးမသာယာခြင်း-ဒေါမနဿဝေဒနာဟူသည်မှာ "နေက္ခမ္မသိတ-ဒေါမနဿဝေဒနာဖြစ်သည်။

နေက္ခမ္မသိတ-ဒေါမနဿဝေဒနာဟူသည်- ရှေး၌ ဆိုခဲ့ပြီးသည့်အတိုင်း ရှင်ရဟန်းပြုရန် သွားရောက်ခြင်းစသော နေက္ခမ္မအလုပ် ဝိပဿနာအလုပ် စသည်ကို အားထုတ်သော ယောဂီ၏သန္တာန်၌ အာရုံခြောက်ပါးတို့၏ မမြဲသောသဘော, ဖေါက်ပြန်ပျက်စီး ချုပ်ပျောက်ခြင်းသဘောကို ပိုင်းခြားသိမြင်ပြီးနောက်, အတိတ်က ဖြစ်ခဲ့သော အာရုံခြောက်ပါး တရားများ, ပစ္စုပ္ပန်ဖြစ်သော အာရုံခြောက်ပါး တရားများ... ဤတရားအားလုံးတို့သည် မမြဲသော... ဆင်းရဲသော... ဖေါက်ပြန်ပျက်စီးတတ်သော သဘောတရားတို့ပါတကားဟု အမှန်အတိုင်း ဝိပဿနာ ဉာဏ်ပညာဖြင့် အမှန်အတိုင်း သိမြင်သောအခါ ထိုအာရုံခြောက်တန်, ရုပ်နာမ်နှစ်ဝ, သင်္ခါရတို့မှ လွတ်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြုသော လောကုတ္တရာ အရိယဖိုလ်တရား၌ **လိုလားတောင့်တမှု** "**ပိဟာ"**ခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏။

ထိုသို့ လိုလားတောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်ပြီးနောက် ထိုလောကုတ္တရာဖိုလ်တရားကို ရရှိနိုင်ရန် ဝိပဿနာတို့ကို မနေမနား အားထုတ်လေ၏။ သို့ပါသော်လည်း အရိယဖိုလ်သို့ မရောက်နိုင်သော ယောဂီ၏သန္တာန်ဝယ် "သြော်... ငါကား ဤရွေ့ ဤမျှ ကြိုးကြိုးစားစား အားထုတ်ခဲ့ပါလျက် ငါတောင့်တသည့် အရိယဖိုလ်သို့ မရောက်နိုင်စွာ့တကား"ဟု အဖန်ဖန် စိုးရိမ်ပူပန်မှု ဖြစ်ပွားသော နှလုံးမသာခြင်း-ဒေါမနဿဝေဒနာကို "နေက္ခမ္မသိတ-ဒေါမနဿဝေဒနာဟု ခေါ်၏။

ယင်းကို မှီဝဲလျှင် ထိုဒေါမနဿဝေဒနာမှ ဥပနိဿယပစ္စည်းကို ရ၍ အကုသိုလ်တရားများ ဆုတ်ယုတ်ကာ ကုသိုလ်တရားမျာ တနေ့တခြား တိုးပွားလာလေ၏။ ထို့ကြောင့် ဤနေက္ခမ္မသိတ-ဒေါမနဿဝေဒနာကို မှီဝဲအပ်၏။ မှီဝဲကောင်း၏ဟု ဟောတော်မူ၏။

## ပိဟာခေါ်သိမ်မွေ့သော လောဘ...

"လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလားတောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏"ဟူရာဝယ် ဧကန်တိုက်ရိုက် လောဘတရားက အရိယဖိုလ်ကို အာရုံပြု၍ တောင့်တသည်ဟု ဆိုလိုသည်မဟုတ်။

မှန်၏။ လောဘကဲ့သို့သော အကုသိုလ်တရားကို မဆိုထားဘိ၊ ဉာဏဝိပ္ပယုတ် ကုသိုလ်များ သည်ပင် လောကုတ္တရာတရားကို တိုက်ရိုက် အာရုံမပြုနိုင်ချေ။ စင်စစ်သော်ကား "အရိယဖိုလ်တို့သည် ဤသို့ ဤသို့သော အာနုဘော်ထူး ဂုဏ်ကျေးဇူးရှိကုန်၏"စသည်ဖြင့် တဆင့်ကြား၍ဖြစ်စေ၊ ကျမ်းဂန် စာပေ သင်ကြားခြင်း, သမထ ဝိပဿနာ ဘာဝနာတရား ပွားများခြင်း အစွမ်းသတ္တိကြောင့် ထင်ရှားလာ သော လောကုတ္တရာတရားတို့၏

အခြင်းအရာ အာကာရသဘောသွားကို မှတ်သားတတ်သည့် ဉာဏ် ပညာ၌ တည်၍ဖြစ်စေ, အနုမာန မှန်းဆသော အားဖြင့် လောကုတ္တရာ အရိယဖိုလ်တရားတို့ကို တောင့်တကြလေသည်။

တိုက်ရိုက်ဖော် ပြရလျှင် အလွန်မွန်မြတ် သိမ်မွေ့သော စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့၏ ပညတ်များသည်လည်း ထိုတရားတို့ကဲ့သို့ပင် မွန်မြတ်သိမ်မွေ့သော သဘောရှိ၏။ သို့ရကား ပုထုဇဉ်တို့မှာ မိမိတို့ မရသေးသော စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို တိုက်ရိုက်အာရုံပြု၍ တောင့်တနိုင်ကြသည် မဟုတ်။ ထိုတရားတို့၏ စျာန်ဟူသောပညတ်, မဂ်, ဖိုလ်, နိဗ္ဗာန်ဟူသော ပညတ်တို့ကိုသာ အာရုံပြု၍ စျာန်, မဂ်, ဖိုလ်, နိဗ္ဗာန်တရားတို့ကို ရော်ရမ်းမှန်းဆ အနုမာနဖြင့်သာ တောင့်တကြလေသည်။

ထို့ကြောင့် ယခုအခါ ပုထုဇဉ်ယောဂီတို့သည် တဆင့်စကား=သုတပရိယတ်အားဖြင့် သိရှိအပ် သည့် လောကုတ္တရာ အရိယဖိုလ်တရားတို့ကို ရော်ရမ်းမှန်းဆ၍ ထိုအရိယဖိုလ်တရားတို့၏ "လောကုတ္တရာ အရိယဖိုလ်"ဟူသော ပညတ်ကိုသာ အာရုံပြု၍ လိုလားတောင့်တမှု "ပိဟာ"ခေါ်သော သိမ်မွေ့သော လောဘတရားကို ဖြစ်စေသည်ကိုပင် "လောကုတ္တရာ အရိယဖိုလ်တရားတို့၌ လိုလား တောင့်တမှု ပိဟာခေါ်သော သိမ်မွေ့သော လောဘတရား ဖြစ်ပေါ်လာ၏"ဟု ဆိုခြင်းဖြစ်ပေသည်။

**ဒေါမနဿဝေဒနာကိုလည်း ၂-ပါးခွဲဟော**

"သဝိတက္က-သဝိစာရ ဒေါမနဿ, အဝိတက္က-အဝိစာရ ဒေါမနဿ"ဟူရာ၌ ဒေါမနဿဝေဒနာ အမှန်က ဧကန်မုချ သဝိတက္က-သဝိစာရ တမျိုးသာဖြစ်သော်လည်း ယောဂီရဟန်း၏ စွဲမှတ်ယူဆချက် အားဖြင့် ဂေဟသိတ-ဒေါမနဿဝေဒနာကို သဝိတက္က-သဝိစာရဒေါမနဿ၊ နေက္ခမ္မသိတ-ဒေါမနဿ ဝေဒနာကို အဝိတက္က-အဝိစာရ ဒေါမနဿဝေဒနာဟူ၍ ခွဲခြား၍ ဟောတော်မူ၏။

**အကျယ်ရှင်းပြချက်...**

ဤသာသနာတော်၌ ယောဂီရဟန်းသည် ဥပစာရစျာန်ကို အခြေပါဒပြု၍ဖြစ်စေ, သို့မဟုတ် ပထမစျာန်စသည်တို့ကို အခြေပါဒပြု၍ဖြစ်စေ မဂ်ဖိုလ်တရားကို ဖြစ်စေအံ့ဟု ဝိပဿနာ တရားကို အားထုတ်လေရာ ထိုမဂ်ဖိုလ်တရားကို မရနိုင်သည်ရှိသော် ဒေါမနဿ=နှလုံးမသာယာခြင်း ဝေဒနာများ ဖြစ်လာတတ်၏။ ထိုအခါ အခြေပါဒဖြစ်သော ဥပစာရစျာန်တရား, ပထမစျာန်စသော စျာန် တရားတို့ကို ဖလူပစာရအားဖြင့် ဒေါမနဿဟူ၍ ခေါ်ဆိုအပ်လေ၏။

အကြင်ယောဂီရဟန်းသည်ကား ထိုသို့ နှလုံးမသာယာမှု ဒေါမနဿဝေဒနာ ဖြစ်ပွားသော်လည်း လုံ့လဝီရိယကို မလျှော့ပဲ အစဉ်သဖြင့် ဝိပဿနာတရားကို အားထုတ်လေရာ မဂ်ဖိုလ်တရားတို့ကို ရရှိလာ၏။ ထိုသို့ ရရှိလာသော မဂ်ဖိုလ်တရားများကို ကာရဏူပစာရအားဖြင့် ဒေါမနဿဟူ၍ ခေါ်ဆိုအပ် လေသည်။

ယောဂီရဟန်းသည် နှလုံးမသာမှု ဒေါမနဿဝေဒနာ၏ အကြောင်းဖြစ်သော သဝိတက္က-သဝိစာရတရား, အဝိတက္က-အဝိစာရတရားတို့ကို သဝိတက္က-သဝိစာရ ဒေါမနဿ, အဝိတက္က-အဝိစာရ ဒေါမနဿဟူ၍ မှတ်ယူပြီးလျှင်... "ငါသည် အဘယ်သောအခါ၌ သဝိတက္က-သဝိစာရ ဒေါမနဿတရား, အဝိတက္က-အဝိစာရ ဒေါမနဿတရားများ၌ ဝိပဿနာအလုပ် အားထုတ်နိုင်ပါအံ့နည်း?" ဟူ၍၎င်း၊

သဝိတက္က-သဝိစာရ ဒေါမနဿတရားကို အကြောင်းပြု၍ ရရှိသောဖိုလ်တရားတို့ကို သဝိတက္က-သဝိစာရ-ဒေါမနဿ-ဖလသမာပတ် ဟူ၍၎င်း, အဝိတက္က-အဝိစာရ-ဒေါမနဿတရားကို အကြောင်းပြု၍ ရရှိသော ဖိုလ်တို့ကို အဝိတက္က-အဝိစာရ-ဒေါမနဿ-ဖလသမာပတ်ဟူ၍၎င်း မှတ်ယူပြီးလျှင် "ငါသည် အဘယ်သောအခါ၌ သဝိတက္က-သဝိစာရ-ဒေါမနဿ-ဖလသမာပတ်, အဝိတက္က-အဝိစာရ-ဒေါမနဿ-ဖလသမာပတ်ကို ဖြစ်စေနိုင်ပါမည်နည်း"ဟူ၍၎င်း ကြံစည်စဉ်းစားပြီးလျှင် သုံးလကြာ ကျင့်ရသော=တေမာသိက-ပဋိပဒါ, ခြောက်လကြာ ကျင့်ရသော=ဆမာသိက-ပဋိပဒါ, ကိုးလကြာ ကျင့်ရသော=နဝမာသိက-ပဋိပဒါ၊ ဤအကျင့်ပဋိပဒါသုံးမျိုးကို **မဟာသီဝ မထေရ်မြတ်**ကဲ့သို့ အစဉ်သဖြင့် အရယူ ကျင့်ကြံလေ၏။

****************

## မမှီဝဲအပ်သော ဂေဟသိတ ဥပေက္ခာ

"အကုသိုလ်တရားများ တိုးပွား၍ ကုသိုလ်တရားများ ဆုတ်ယုတ်မည့် မမှီဝဲအပ်သော လျစ်လျူရှုခြင်း-ဥပေက္ခာ"ဟူသည်မှာ ဂေဟသိတ-ဥပေက္ခာ ဖြစ်သည်။ ဂေဟသိတ ဥပေက္ခာဟူသည်လည်း မျက်စိ, နားစသည့် ဒွါရခြောက်ပါးတို့၌ အလိုရှိအပ် နှစ်သက်အပ်သော အဆင်း,အသံစသည့် ခြောက်ပါးသော အာရုံတို့ ထင်သည်ရှိသော် ထန်းလျက်ခဲ၌ နားမိသော ယင်ကောင်ကဲ့သို့ အဆင်းစသောအာရုံ၌ ကိလေသာတို့ကို မလွန်မြောက်နိုင်ပဲ ထိုအာရုံတို့ကိုပင် သာယာဖွယ်တွေဟူ၍ ကြည့်ရှုရကား ထိုအာရုံတို့၌ပင် အခွါခက်အောင် ငြိကပ်တွယ်တာသောအားဖြင့် ဖြစ်ပွားသည့် ကာမဝတ္ထု တရားစုတို့ကို မှီ၍ အာရုံပြု၍ဖြစ်သော လျစ်လျူရှုမှု=ဥပေက္ခာဖြစ်သည်။

## မှီဝဲအပ်သော နေက္ခမ္မသိတ ဥပေက္ခာ

အကုသိုလ်တရားများ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားမည့် လျစ်လျူရှုခြင်း ဥပေက္ခာ ဟူသည်မှာ နေက္ခမ္မသိတ ဥပေက္ခာဖြစ်သည်။ ထိုနေက္ခမ္မသိတ ဥပေက္ခာသည် ဒွါရခြောက်ပါးတို့၌ အလိုရှိအပ်-မရှိအပ်သော အာရုံခြောက်ပါးတို့ ထင်လတ်သည်ရှိသော် အလိုရှိအပ်သောအာရုံ၌ လောဘ

ကို မဖြစ်စေပဲ, အလိုမရှိအပ်သောအာရုံ၌ ဒေါသကို မဖြစ်စေပဲ ထိုဣဋ္ဌ, အနိဋ္ဌအာရုံ နှစ်ပါးစုံ၌ပင် မညီ-မညွတ် ကြည့်ရှုမှု မောဟတရားကိုလည်း မဖြစ်ပွားစေပဲ ထင်လာတိုင်းသော အာရုံခြောက်ပါး တရားစုတို့ကို "အနိစ္စ, ဒုက္ခ, ဝိပရိဏာမ တရားအစုပါတကား"ဟု အမှန်အတိုင်း ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပွားသည့် ဉာဏ်နှင့်ယှဉ်သော ဥပေက္ခာဝေဒနာဖြစ်သည်။

(တနည်း) ဝေဒနာသဘောရှိသော တတြမဇ္ဈတ္တတာ ဥပေက္ခာသည်လည်း ဤအရာ၌ ဥပေက္ခာမည်၏။ (ဤဥပေက္ခာအရာ၌ လျစ်လျူရှု၍ ခံစားမှု ဝေဒနုပေက္ခာ, ထိုထို ဣဋ္ဌ,အနိဋ္ဌအာရုံတို့၌ အလယ်အလတ် စိတ်ထားမှု တတြမဇ္ဈတ္တုပေက္ခာ နှစ်ပါးလုံးကိုပင် ဥပေက္ခာအရ ယူရမည်ဟု ဆိုလိုသည်။)

သို့ရကား ရှင်ရဟန်းပြုရန် ရဟန်းတို့ထံ သွားသည်မှအစ ဝိပဿနာတရား အားထုတ်သောအခါ, အနုဿတိတရား ပွားများသောအခါ, စျာန်လေးတို့ကို ရသောအခါများ၌ဖြစ်သော နေက္ခမ္မသိတ-ဥပေက္ခာ ၆-ပါးကိုမှီဝဲလျှင် (ဝါ) ထပ်ပြန်တလဲလဲ ဖြစ်စေလျှင် အကုသိုလ်များ ဆုတ်ယုတ်၍ ကုသိုလ်တရားများ တိုးပွားလေ၏။ ထို့ကြောင့် ထိုနေက္ခမ္မသိတ ဥပေက္ခာကို မှီဝဲအပ်၏ဟု ဟောတော်မူ၏။

## **သိကြားမင်း သောတာပန်တည်ခြင်း**

ထိုဒေသနာတော်၏ အဆုံး၌ သိကြားမင်းသည် သောတာပတ္တိဖိုလ်သို့ ရောက်ရှိလေသည်။

## **သိကြားမင်း ဘဝအသစ် ရရှိခြင်း**

သိကြားမင်းသည် သောတာပန်ဖြစ်ပြီးလျှင် မြတ်စွာဘုရား၏ ရှေ့မှောက်၌ပင် နတ်သက်ကြွေ၍ သိကြားမင်းဘဝအသစ်ကို တဖန် ရရှိပြန်လေ၏။

အထူးမှတ်ဖွယ်။ ။နတ်သက်ကြွေသော နတ်တို့အဖို့ရာ ခန္ဓာကိုယ်အတ္တဘောကို လူတို့မှာကဲ့သို့ သယ်ယူပို့ဆောင် သင်္ဂြိုဟ်စရာဟူ၍ မရှိပေ။ ဆီမီးညွန့် ငြိမ်းပျောက်သကဲ့သို့ ငြိမ်းပျောက်၍ သွားလေ၏။ မှန်၏။ အမိဝမ်း၌ သန္ဓေတည်ကြသော လူတို့မှာ စုတေသောအခါ ရှေးဦးစွာ ကမ္မဇရုပ် ချုပ်လေ၏။ ကမ္မဇရုပ် နောက်ဆုံးချုပ်ရာ စုတိစိတ်မှနောက် စိတ္တက္ခဏ ၁၇-ချက်လောက် အချိန်မှာ စိတ္တဇရုပ်များ ချုပ်၏။ အာဟာရဇရုပ်များလည်း ဗဟိဒ္ဓသြဇာ အထောက်အပံ့ မရတော့သဖြင့် ကာလအနည်းငယ် အတွင်းမှာပင် ချုပ်လေတော့၏။ ဥတုဇရုပ် အဆက်ဆက်ကား ကာလရှည်ကြာစွာ သန္တာန်ဆက်၍ ဖြစ်နေလေသေး၏။

နတ်တို့မှာ ထိုကဲ့သို့ မဟုတ်ချေ။ မှန်၏။ နတ်တို့မှာ ဥပပတ်ပဋိသန္ဓေ နေကြသူများ ဖြစ်သောကြောင့် ကမ္မဇရုပ် ချုပ်လျှင်ပင် ကျန်သော စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည်လည်း ထိုကမ္မဇရုပ်နှင့် တပါတည်းပင် ချုပ်ကွယ်ကြလေ၏။ ထို့ကြောင့် နတ်များစုတေသောအခါ လူများကဲ့သို့

ခန္ဓာကိုယ်ကို သယ်ဆောင်၍ သင်္ဂြိုဟ်စရာ အလျှင်းမရှိတော့ပေ။ စုတေသောနေရာ၌ပင် ဆီမီးတောက်ကဲ့သို့ ချုပ်ငြိမ်းသွားလေတော့၏။

(ဆောင်) ဥပပတ်မှာ၊ စုတေခါ၊ ခန္ဓာကြွင်း မရှိ။)

**အကျယ်ရှင်းချက်**

လူတို့မှာ စုတေပြီးနောက် ဥတုဇရုပ်ကောင်ကြီး ကာလရှည်စွာ ကျန်ရစ်၍ နတ်တို့မှာ ထိုကဲ့သို့ ဥတုဇရုပ်ကောင်ကြီး မကျန်ရစ်မှုကို ပဋိသန္ဓေကာလ လူ့ဘဝခန္ဓာကိုယ် နတ်ဘဝခန္ဓာကိုယ်တို့ ဖြစ်ကြပုံကို နှစ်နောစွာ ဆင်ခြင်ကြည့်ရှုမှ သဘောကျ ကျေနပ်နိုင်သည်။ စဉ်းစားဆင်ခြင် ကြည့်ရှုရန်မှာ-

(က) လူများမှာ ပဋိသန္ဓေ တည်နေသောခဏဝယ် ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ်, ဝတ္ထုဒသကကလာပ် တည်းဟူသော ကမ္မဇကလာပ် သုံးမျိုးတို့ ပရမာနုမြူကလေး သုံးခုခန့်မှ စ၍ ဘဝအိမ် တည်ဆောက်ကြလေသည်။ ကမ္မဇကလာပ်ရုပ်များ, (မိမိအချိန် ကျရောက်၍ ဖြစ်ပေါ်လာသော စိတ္တဇ ရုပ်ကလာပ်များ, ဥတုဇ ရုပ်ကလာပ်များ, အာဟာရဇ ရုပ်ကလာပ်များတို့ ဌီခဏသို့ ရောက်တိုင်း ရောက်တိုင်းမှာ ထိုကလာပ်များအတွင်း၌ ပါရှိသော တေဇောဓာတ်တည်းဟူသော ဥတုတခု,တခုစီက ဥတုဇရုပ်ကလာပ် တခုတခုစီကို ဖြစ်ပွားစေပြန်သဖြင့် တချိန်ထက်တချိန် ခန္ဓာအိမ်ကြီးထွားလာသောအခါ တကိုယ်လုံးမှာ ဥတုဇရုပ်ကလာပ်က နေရာကို အလျှင်လက်ဦး ယူထားသကဲ့သို့ အာဝါသိက အိမ်နေသဖွယ်ဖြစ်၍ နေလေ၏။ ကျန်သော ကမ္မဇ, စိတ္တဇ, အာဟာရဇရုပ်တို့မှာ ဧည့်သည်အာဂန္တုသဖွယ်ဖြစ်၍ နေလေ၏။

ထိုကြောင့် လူများမှာငင်း, ဂဗ္ဘသေယျက ပဋိသန္ဓေတည်နေကြသော သတ္တဝါတို့မှာငင်း, စုတေသောအခါ ဧည့်သည်အာဂန္တုသဖွယ်ဖြစ်သည့် ကမ္မဇရုပ်, စိတ္တဇရုပ်, အာဟာရဇရုပ်တို့ ချုပ်ပျောက်ကွယ်ပကြသော်လည်း အာဝါသိက အိမ့်ရှင်သဖွယ်ဖြစ်သော ဥတုဇရုပ်တို့မှာ သန္တာန်ဆက်ကာ ကာလရှည်စွာ ဖြစ်ကြသဖြင့် ဥတုဇရုပ်အလောင်းကြီး ကျန်ရစ်ကာ အခါမြင့်ရှည် တည်နေလေသည်။

(၂) နတ်တို့မှာမူ ဥပပတ်ပဋိသန္ဓေ တည်နေစ အချိန်မှာပင် ရသင့်ရထိုက်သော ကမ္မဇရုပ်ကလာပ်တို့က တပြိုင်နက်တည်း သုံးဂါဝုတ်မျှ ပမာဏရှိသည့် ကိုယ်ဒြပ်ကြီး ဖြစ်ရှိလာအောင် နေရာအနှံ့မူလမ,တည် ဖြစ်ရှိကြ၍ ထိုကမ္မဇရုပ်တို့က တကိုယ်လုံး နေရာယူပြီး အာဝါသိ အိမ့်ရှင်သဖွယ်ဖြစ်၍ နေလေသည်။ ကျန်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့မှာမူ ဧည့်သည် အာဂန္တုသဖွယ် အာဝါသိက ကမ္မဇရုပ်တို့၏အကြား၌ နေရာယူကာ ဖြစ်ပွားကြရလေသည်။ ထို့ကြောင့် ဥပပတ်မျိုးဖြစ်ကြသည့် နတ်ဗြဟ္မာတို့ ချုပ်ပျောက်ကွယ်ပကြလျှင် အာဂန္တုက ဧည့်သည်အာဂန္တုသဖွယ်ဖြစ်သည့် စိတ္တဇ, ဥတုဇ,

အာဟာရဇရုပ်တို့သည်လည်း ထိုကမ္မဇရုပ်တို့နှင့် တပါတည်း ချုပ်ပျောက်ကွယ်ပ ကြလေသည်။ ထို့ကြောင့် နတ်ဗြဟ္မာတို့ စုတေသောအခါ ဥတုဇရုပ်အလောင်းကြီး မကျန်ရစ်ပဲ ရှိလေတော့၏။

(ဤအချက်ကား နက်နဲသော သဘောရှိ၏။ ရုပ်ဝီထိဖြစ်စဉ်, နာမ်ဝီထိဖြစ်စဉ်ကို သေချာစွာ လေ့လာလိုက်စားမှ ဤအချက်ကို နှစ်သက်ကျေနပ်စွာ လက်ခံနိုင်ပေလိမ့်မည်။)

ဆဋ္ဌ, သတ္တမ, အဋ္ဌမ အမေးနှင့် အဖြေပြီး၏။

***********************

## နဝမ, ဒသမ, ဧကာဒသမ အမေးနှင့် အဖြေ

ထို့နောက် သိကြားမင်းသည် "ဘုရားရှင်သည် ငါ့အား သောမနဿဝေဒနာ, ဒေါမနဿဝေဒနာ, ဥပေက္ခာဝေဒနာတို့ကို ဖြေဆို၍ ပြီးဆုံးရာ သုံးဌာနတို့၌ ထောပတ်ခဲမှ ထောပတ်ဆီကို ထုတ်ယူသည့်အလား, အကြောင်းဖြစ်သော ပဋိပတ်ဖြင့် ဖြစ်စေအပ် ရောက်စေအပ်သော လောကုတ္တရမဂ်ဖိုလ်တရားကိုသာလျှင် ဟောတော်မူ၏။ ဤလောကုတ္တရာမဂ်ဖိုလ် တရားကိုလည်း ငှက်ကဲ့သို့ ကောင်းကင်ပျံတက်၍ ရယူခြင်းငှာ စွမ်းနိုင်သည်မဟုတ်ချေ။ ဤလောကုတ္တရာ မဂ်ဖိုလ်တရားအစု၏ ရရှိရန်အကြောင်းဖြစ်သော ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့် အကျင့်ပဋိပတ်သည် ထင်ရှားရှိ၏။ ငါသည် ယခုအခါ၌ အထက်ရဟန္တာပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်ကို ရရှိနိုင်ရန် ရှေ့အဖို့ဝယ် လိုက်နာကျင့်သုံးရမည့်အကျင့်ပဋိပတ်ကို မေးမြန်းပေတော့အံ့"ဟု ကြံစည်စဉ်းစားပြီးနောက် ထိုရဟန္တာဖြစ်ကြောင်း ရှေ့ပိုင်းပုဗ္ဗဘာဂအကျင့် ပဋိပတ်ကို မေးမြန်းလို၍ အောက်ပါမေးခွန်းများကို ဆက်၍ မေးလျှောက်၏။

**မေး။ မြတ်စွာဘုရား... အဘယ်သို့ကျင့်သော ရဟန်းသည် ပါတိမောက္ခသံဝရသီလကို ကျင့်သည် မည်ပါသနည်း?**

ဖြေ။ သိကြားမင်း... (၁) **ကိုယ်အကျင့်-ကာယသမာစာရ**ကိုလည်း မှီဝဲအပ်သောအကျင့်, မမှီဝဲအပ်သောအကျင့်ဟူ၍ နှစ်ပါးရှိ၏။

(၂) **နှုတ်အကျင့်-ဝစီသမာစာရ**ကိုလည်း မှီဝဲအပ်သောအကျင့်, မမှီဝဲအပ် သောအကျင့်ဟူ၍ နှစ်ပါးရှိ၏။

(၃) **ရှာမှီးခြင်း-ပရိယေသန**ကိုလည်း မှီဝဲအပ်သောအကျင့်, မမှီဝဲအပ် သောအကျင့်ဟူ၍ နှစ်ပါးရှိ၏။

**အထူးမှတ်ဖွယ်။** အောက်ဖြစ်သော ဆဋ္ဌ, သတ္တမ, အဋ္ဌမပုစ္ဆာများ၌ သိကြားမင်းက ပပဉ္စ သညာတရားအစု၏ ချုပ်ခြင်းအားလျောက်ပတ်၍ ထိုသို့ချုပ်ရာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်ကို မေးအပ်သောဘုရားရှင်သည် ထိုပပဉ္စသညာတရားစုနှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဋိပတ်၏ အခြေခံအကြောင်းဖြစ်သော ဝေဒနာသုံးပါးကို သေဝိတဗ္ဗ-မှီဝဲအပ်သော ဝေဒနာ, အသေဝိတဗ္ဗ-မမှီဝဲအပ်သော ဝေဒနာအားဖြင့် နှစ်ပါးစီခွဲခြား၍ ဟောတော်မူ၏။ ထိုသို့ဟောရာ၌ မမှီဝဲအပ်သော ဝေဒနာတရားကား နိဗ္ဗာန်ရောက်ကြောင်း အကျင့်မဟုတ်၍ (ဘုရားရှင်၏ အလိုတော်ကို မသိသော စောဒက ပုဂ္ဂိုလ်များအဖို့) ထိုမမှီဝဲအပ်သေ ဝေဒနာတရားစုကို မဟောကြားသင့်ဟု ထင်မှားဖွယ်ရှိ၏။

သို့သော် ပြဿနာရှင် သိကြားမင်း၏ အလိုအဇ္ဈာသယအားလျော်စွာ မမှီဝဲအပ်သောဝေဒနာ-သံကိလေသတရား ကို ပယ်ရှားနိုင်မှ မှီဝဲအပ်သောဝေဒနာ-ဖြူစင်သော ဝေါဒါနတရားများ ပြည့်စုံနိုင်၏။ ထို့ကြောင့် မမှီဝဲအပ်သောဝေဒနာ-သံကိလေသတရားစုကို ပယ်ရှားရှောင်ကြဉ်နိုင်ရန်နှင့် မှီဝဲအပ်သော ဝေဒနာ-ဖြူစင်သော ဝေါဒါနတရားစုကို ဖြည့်ကျင့်ခြင်း ပဋိပဒါတရား အပြည့်အစုံ ဖြစ်စေရန် အတွက် မမှီဝဲအပ်သောဝေဒနာ, မှီဝဲအပ်သော ဝေဒနာ-နှစ်ပါးစုံကို ဟောကြားသကဲ့သို့-

ဤပါတိမောက္ခသံဝရ ပြဿနာ၌လည်း မမှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသန တရားစုတို့မှာ ပါတိမောက္ခသံဝရသီလပင် မဟုတ်သော်လည်း မမှီဝဲအပ်သည့် ထိုတရား သုံးမျိုးကို ပယ်ရှားနိုင်မှ မှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနဟူသော ဤဖြူစင် သော ဝေါဒါနတရားစုတို့ ပြည့်စုံလုံလောက်နိုင်၏။ ထို့ကြောင့် ညစ်ညူးသော သံကိလေသတရားစု ဖြစ်သည့် ထိုမမှီဝဲအပ်သော တရားသုံးမျိုးတို့ကို ပယ်ရှားရှောင်ကြဉ်နိုင်ရန်နှင့် ဖြူစင်သောဝေါဒါန တရားစုဖြစ်သည့် ထိုမှီဝဲအပ်သည့် တရားသုံးမျိုးတို့ကို ဖြည့်ကျင့်ခြင်း ပဋိပဒါတရား အပြည့်အစုံ ဖြစ်ရန်အတွက် ပြဿနာရှင် သိကြားမင်း၏ အလိုအဇ္ဈာသယအားလျော်စွာ မမှီဝဲအပ်-မှီဝဲအပ်သည့် ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသန သုံးမျိုးတို့ကို အစုံအစုံ ဟောကြားတော်မူသည်။

[ဆိုလိုရင်းမှာ-- မမှီဝဲအပ်-မှီဝဲအပ်သည့် တရားစုံလိုက် ဟောမှသာလျှင် သိကြားမင်း၏ အလို အဇ္ဈာသယနှင့်လည်း လျော်လျောက်ပတ်သည်။ မမှီဝဲအပ်သောတရားတို့ကို ပယ်ရှားရှောင်ကြဉ်နိုင်မှ မှီဝဲအပ်သော တရားတို့ကို အောင်မြင်ပြည့်စုံစွာ ဖြည့်ကျင့်နိုင်သည်။ (ဤတရားစု,ဤတရားစုကား မမှီဝဲ အပ်သော တရားစုတည်း-ဟု မသိလျှင် ထိုတရားတို့ကို ရှောင်ကြဉ်နိုင်မည်မဟုတ်။ ထိုသို့မရှောင်ကြဉ်

နိုင်က မှိဝဲအပ်သော တရားစုတို့ကို အပြည့်အစုံ ဖြည့်ကျင့်နိုင်မည်မဟုတ်)။ ထို့ကြောင့် မြတ်စွာဘုရား သည် ရှေးပြဿနာ၌ငင်း, ယခုပြဿနာ၌ငင်း, လာမည့် ဣန္ဒြိယပြဿနာ၌ငင်း မမှိဝဲအပ်-မှိဝဲအပ်သည့် တရားအစုံအစုံကို ဟောကြားတော်မူသည်ဟု ဆိုလိုရင်းဖြစ်သည်။]

ဤယခုပြဿနာ၏ အဖြေစကားရပ်ဝယ် မှိဝဲအပ်သော ကာယသမာစာရ, ငင်းဝစီသမာစာရ, ငင်းပရိယေသနာ ဤတရားသုံးမျိုးသာလျှင် ပါတိမောက္ခသံဝရသီလ ဖြစ်သည်။ မမှိဝဲအပ်သော ကာယ သမာစာရစသော သုံးမျိုးတို့ကား ပါတိမောက္ခ-သံဝရသီလ မဟုတ်။ ပယ်ရှားရှောင်ကြဉ်ရမည့် သံကိလေသ တရားစုကို ပြလို၍သာ သိကြားမင်း၏ အလိုအဇ္ဈာသယအားလျော်စွာ ဟောကြားတော် မူအပ်လေသည်။

**ကမ္မပထ- သိက္ခာပုဒ်တို့နှင့် စပ်၍ပြောဆိုပုံ**

မှိဝဲအပ်သည့် ကာယသမာစာရ စသော တရားသုံးမျိုးတည်းဟူသော သီလအကြောင်းကို ပြောဆိုလိုက ကမ္မပထနှင့် စပ်၍သော်ငင်း, ပညတ်တော်မူအပ်သော သိက္ခာပုဒ်နှင့်စပ်၍သော်ငင်း ပြောဆိုရာ၏။ ပြောဆိုပုံမှာ-

**(၁) ကိုယ်အကျင့်-ကာယသမာစာရ**

**မမှိဝဲအပ်သော ကိုယ်အကျင့်-ကာယသမာစာရဟူသည်မှာ**= ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ- ဤအကုသိုလ်ကာယကံ သုံးမျိုးတို့ဖြစ်သည်။ ဤကား ကမ္မပထအားဖြင့် ပြောဆိုပုံ တည်း။

ကာယဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူသည့် သိက္ခာပုဒ်တို့ကို လွန်ကျူးခြင်းသည် မမှိဝဲ အပ်သော ကိုယ်အကျင့်-ကာယသမာစရ မည်၏။ ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆိုပုံတည်း။

**မှိဝဲအပ်သော ကိုယ်အကျင့်-ကာယသမာစာရဟူသည်မှာ**= ပါဏာတိပါတ ဒုစရိုက်မှ ရှောင်ကြဉ် မှု, အဒိန္နာဒါန ဒုစရိုက်မှ ရှောင်ကြဉ်မှု, ကာမေသုမိစ္ဆာစာရမှ ရှောင်ကြဉ်မှု- ဤကုသိုလ်ကာယကံ သုံးမျိုး တို့ ဖြစ်သည်။ ဤကား ကမ္မပထအားဖြင့် ပြောဆိုပုံတည်း။

ကာယဒွါရ၌ ဘုရားရှင်ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို မလွန်ကျူးပဲ စောင့်ထိန်းခြင်း သည် မှိဝဲအပ်သော ကိုယ်အကျင့်=ကာယသမာစာရ မည်၏။ ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆိုပုံ တည်း။

မှတ်ချက်။ ။နောက်ဖြစ်သော ဝစီသမာစာရ၌လည်း နည်းတူပင်ဖြစ်၏။ ဤကား ကမ္မပထ အားဖြင့် ပြောဆိုပုံတည်း၊ ဤကား သိက္ခာပုဒ်အားဖြင့် ပြောဆိုပုံတည်းဟု ခွဲခြားသိမှတ်လေရာ၏။)

### (၂) နှုတ်အကျင့်-ဝစီသမာစာရ

မုသာဝါဒစသော ဝစီဒုစရိုက်လေးပါး, ဝစီဒွါရ၌ ဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို ကျူးလွန်ခြင်းများသည် **မမှိဲအပ်သော နှုတ်အကျင့်-ဝစီသမာစာရ** မည်၏။

မုသာဝါဒမှ ရှောင်ကြဉ်ခြင်းစသော ဝစီသုစရိုက်လေးပါး= ကုသိုလ်ဝစီကံလေးပါး, ဝစီဒွါရ၌ မြတ်စွာဘုရားရှင် ပညတ်တော်မူအပ်သည့် သိက္ခာပုဒ်တို့ကို မလွန်ကျူးခြင်း စောင့်ထိန်းခြင်းသည် **မှီဝဲအပ်သော နှုတ်အကျင့်=ဝစီသမာစာရ** မည်၏။

### (၃) ရှာမှီးခြင်း=ပရိယေသနာ

ရှာမှီးခြင်း-ပရိယေသနာဟူသည်ကား ကိုယ်-နှုတ်တို့ဖြင့် ရှာမှီးခြင်းပင် ဖြစ်သည်။ ထိုရှာမှီးခြင်း-ပရိယေသနကို ကာယသမာစရ, ဝစီသမာစာရတို့ကို ယူလိုက်-ဆိုလိုက်လျှင်ပင် ယူပြီး-ဆိုပြီး ဖြစ်သော်လည်း "အာဇီဝဋ္ဌမက သီလမည်သည် ကောင်းကင်၌ ဖြစ်သည်မဟုတ်၊ ထိုကာယဒွါရ, ဝစီဒွါရ နှစ်ပါး၌ပင် ဖြစ်သောကြောင့်" ထိုအာဇီဝဋ္ဌမက သီလကို ပြဆိုရန် ထိုရှာမှီးခြင်း-ပရိယေသနာ တရားကို သီးခြား ဟောတော်မူအပ်၏။ ထိုရှာမှီးခြင်း-ပရိယေသနာဟူသည် တရားကိုယ်အားဖြင့် ပစ္စည်းကို ရှာမှီးသော အခြင်းအရာအားဖြင့်ဖြစ်သော ဗျာပါရလုံ့လပင်တည်း။

### (က) ပါသရာသိသုတ်လာ ရှာမှီးခြင်းများ..

ထိုရှာမှီးခြင်း-ပရိယေသနာအရာ၌ မူလပဏ္ဏာသပါဠိတော်လာ ပါသရာသိသုတ်ဝယ် အကျယ် ဟောကြားအပ်သည်ကို အချုပ်အားဖြင့် ပြရလျှင်... မိမိကိုယ်တိုင်က ပဋိသန္ဓေ တည်နေခြင်းသဘော, ဖြစ်ခြင်းသဘော, အိုခြင်းသဘော, သေခြင်းသဘော စသည်ရှိသူ ဖြစ်ပါလျက် ထိုသို့ ပဋိသန္ဓေ တည်နေခြင်းသဘော, အိုခြင်းသဘော စသည်ရှိသည့် သားသမီး, မယား, ကျွန်ယောကျ်ား, ကျွန်မိန်းမ, သိုး, ဆိတ်, ကြက်, ဝက်, ဆင်, နွား, မြင်း, မြည်းစသော သက်ရှိဝတ္ထု၊ ရွှေ,ငွေဥစ္စာရတနာစသော သက်မဲ့ဝတ္ထုတို့ကို ရှာမှီးခြင်းတည်းဟူသော မမြတ်သောရှာမှီးခြင်း=အနရိယ ပရိယေသနာသည် မမှီဝဲအပ်သော အသေဝိတဗ္ဗ ရှာမှီးခြင်းမည်၏။

မိမိကိုယ်တိုင်က ပဋိသန္ဓေတည်နေခြင်းစသည် သဘောရှိနေသူဖြစ်၍ ပဋိသန္ဓေတည်နေခြင်း စသည် သဘောရှိသော တရားအစု၌ အပြစ်ကိုမြင်၍ ထိုပဋိသန္ဓေတည်နေခြင်းစသည် သဘောကင်းရာ နိဗ္ဗာန်ကို ရှာမှီးခြင်းတည်းဟူသော မြတ်သောရှာမှီးခြင်း=အရိယ ပရိယေသနာသည် မှီဝဲအပ်သော သေဝိတဗ္ဗရှာမှီးခြင်း မည်၏။

**(ခ) တနည်းသော်ကား...**

(၁) ကုဟနာ = အံ့ဖွယ်သရဲဖြစ်စေ၍ လာဘ်လာဘကို ရှာမှီးခြင်း၊ (၂) လပနာ = မြှောက်ပင့် ပြောဆို၍ လာဘ်ကိုရှာမှီးခြင်း၊ (၃) နေမိတ္တိကတာ = အရိပ်နိမိတ်စကား ပြောကြား၍ လာဘ်ကို ရှာမှီး ခြင်း၊ (၄) နိပ္ပေသိကတာ = မလှုပဲမနေနိုင်အောင် ဖိကြိတ်နှိပ်စက်ပြောဆို၍ လာဘ်ကို ရှာမှီးခြင်း၊ (၅) လာဘေနလာဘ-နိဇိဂီသနတာ = မိမိက အလျင်လက်ဦး လာဘ်ကိုပေး၍ ဒကာတို့ထံမှ လာဘ်ကို ရှာမှီးခြင်း.. ဤငါးပါးသော ရှာမှီးခြင်းသည်၄င်း၊

(ပျို+ပဏ်+သူရာ၊ ပြည့်တန်းဆာ၊ လင်ကွာ+ရဟန်းမ။ မကျက်စားအပ်၊ ၆-ပါး ရပ်၊ မြဲမှတ် ရှောင်ကြဉ်ကြ- ဟူသည့်အတိုင်း) အပျိုကြီးအိမ်, ပဏ္ဍုပ်အိမ်, အရက်ဆိုင်, ပြည့်တန်းဆာအိမ်, လင်ကွာ မိန်းမအိမ်, ရဟန်းမကျောင်း... ဤ၆ပါးသော အရပ်ဒေသ အဂေါစရဌာနတို့၌ လာဘ်ကိုရှာမှီးခြင်းသည် ၎င်း၊ ရှေး၌ ဆိုခဲ့ပြီးသော အနေသန=မအပ်သောရှာမှီးခြင်း ၂၁-ပါးတို့ဖြင့် လာဘ်ကိုရှာမှီးခြင်းသည်၎င်း မမြတ်သောရှာမှီးခြင်း - အနရိယ-ပရိယေသနာပင်ဖြစ်၍ **မမှီဝဲအပ်သော အသေဝိတဗ္ဗရှာမှီးခြင်း** မည်၏။

ကုဟနစသော ၅-မျိုး, အဂေါစရဌာန ၆-မျိုး, အနေသန ၂၁-မျိုးတို့ကို ရှောင်ကြဉ်၍ ဆွမ်းခံ လှည့်လည်ခြင်းဖြင့် တရားနှင့်အညီ လာဘ်ကိုရှာမှီးခြင်းသည် မြတ်သောရှာမှီးခြင်း-အရိယ- ပရိယေသနာဖြစ်၍ **မှီဝဲအပ်သော = သေဝိတဗ္ဗရှာမှီးခြင်း** မည်၏။

ဤအရာဝယ် "**မမှီဝဲအပ်**"ဟူ၍ ဟောကြားအပ်သော ကာယသမာစာရ စသည်ကို ရှေ့ပိုင်းအဖို့ ဝယ် ပါဏာတိပါတ စသော ဒုစရိုက်မှုတို့အတွက် လက်နက်, အဆိပ်စသော အဆောက်အဦကို ရှာမှီး သောအခါမှ စ၍၎င်း၊ လုံ့လကို ပြုသောအခါမှ စ၍၎င်း၊ ထိုဒုစရိုက်မှုအကျိုးငှာ သွားသောအခါမှ စ၍ ၎င်း၊ မမှီဝဲအပ် မမှီဝဲကောင်းသည်သာတည်း။

"**မှီဝဲအပ်၏**"ဟူ၍ ဟောကြားအပ်သော ကာယသမာစာရ စသည်ကို အစမှပင် စ၍ မှီဝဲအပ် မှီဝဲ ကောင်း၏။ **မစွမ်းနိုင်သူ ဖြစ်ပါမူကား ကာယသုစရိုက်စသည်ကို ငါပြုအံ့ဟူ၍ စိတ်ကိုသော်မူလည်း ဖြစ်စေရာ၏။** မှန်၏။ ကောင်းသောအမှု၌ "ငါပြုမည်"ဟု စိတ်မျှကိုပင် ဖြစ်စေသောသူသည်

အကြောင်းအပေါင်း ညီညွတ်လတ်သော ထိုထိုကောင်းမှု၌ အားသစ်သောလုံ့လကို ပြုဖြစ်၍ အကျင့် ပဋိပတ်၏ အထွတ်အထိပ်သို့ ရယူနိုင်လေသည်။

**တနည်းကား...**

**(၁)** သံဃာသင်းခွဲရန် စသည်အတွက် အားထုတ်သော ဒေဝဒတ်အစရှိသော သူတို့၏ ကိုယ် အကျင့်-ကာယသမာစာရ ကဲ့သို့သော ကိုယ်အကျင့်မျိုးကို မမှီဝဲအပ် **မမှီဝဲကောင်း။** တနေ့တနေ့လျှင် ၂-ကြိမ် ၃-ကြိမ် ရတနာသုံးရပ်ကို ဆည်းကပ်ရန်သွားခြင်း စသောအားဖြင့် ဖြစ်သော အရှင်သာရိပုတြာ အရှင်မောဂ္ဂလာန် စသည်တို့၏ ကိုယ်အကျင့်-ကာယသမာစာရကဲ့သို့သော ကိုယ်အကျင့်မျိုးကို မှီဝဲအပ် **မှီဝဲကောင်း၏။**

**(၂)** လူသတ်လေးသမားများကို စေလွှတ်ခြင်း စသည်ဖြင့် နှုတ်မြွက်စကား ပြောကြားကြသူ ရှင်ဒေဝဒတ်အစရှိသော သူတို့၏ နှုတ်အကျင့်=ဝစီသမာစာရ ကဲ့သို့သော နှုတ်အကျင့်မျိုးကို မမှီဝဲအပ် **မမှီဝဲကောင်း**။ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို ပြောကြားခြင်း စသည်ဖြင့်ဖြစ်သော အရှင်-သာရိပုတြာ အရှင်မောဂ္ဂလာန်စသည်တို့၏ နှုတ်အကျင့်=ဝစီသမာစာရကဲ့သို့သော နှုတ်အကျင့်မျိုးကို မှီဝဲအပ် **မှီဝဲကောင်း၏**။

**(၃)** မမြတ်သော ရှာမှီးမှုကို ရှာမှီးကြသည့် ရှင်ဒေဝဒတ် စသောသူတို့၏ ရှာမှီးခြင်း-ပရိယေ-သနာ ကဲ့သို့သော ရှာမှီးခြင်းကို မမှီဝဲအပ် **မမှီဝဲကောင်း**။ မြတ်သောရှာမှီးမှုကိုသာ ရှာမှီးတော်မူကြသည့် ရှင်သာရိပုတြာ, ရှင်မောဂ္ဂလာန်စသည်တို့၏ ရှာမှီးခြင်း=ပရိယေသနာကဲ့သို့သော ရှာမှီးခြင်းကို မှီဝဲအပ် **မှီဝဲကောင်း၏**။

**အဖြေနိဂုံးစကား...**

ဤမေးခွန်းများ၏ အဖြေနိဂုံးပါ "ဤသို့ ကျင့်သောရဟန်းသည်" စသော စကားဝါကျဖြင့် "သိကြားမင်း... ဤသို့လျှင် မမှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာ= ဤသုံးပါးကို ပယ်ရှားရှောင်ကြဉ်၍ မှီဝဲအပ်သော ကာယသမာစာရ, ဝစီသမာစာရ, ပရိယေသနာ- ဤသုံးမျိုးတို့ဖြင့် ပြည့်စုံစွာ ကျင့်ကြံသောရဟန်းသည် အထွတ်အမြတ် အကြီးအကဲဖြစ်သည် ပါတိမောက္ခသံဝရ သီလအလို့ငှာ ကျင့်ကြံသော ရဟန်းမည်၏"ဟူ၍ ဘုရားရှင်သည် ရဟန္တာပုဂ္ဂိုလ်၏ အကြောင်းအရင်း ဖြစ်သော ရှေ့ပိုင်းအကျင့် ပဋိပတ်ကို ဖြေကြားတော်မူခြင်း ဖြစ်သည်။

(မှတ်ချက်။     ။ဤပါတိမောက္ခသံဝရသီလ၌လည်း သိကြားမင်းမေးအပ်သော ပုစ္ဆာမှာ တချက်တည်းပင် ဖြစ်သော်လည်း ဘုရားရှင် ဖြေကြားတော်မူချက်မှာ ကာယသမာစာရ, ဝစီသမာစာရ, ပရိ-ယေသနာဟူ၍ အဖြေသုံးချက် ထွက်သောကြောင့် ပြဿနာသုံးချက်ဟူ၍ အဋ္ဌကထာ ဆရာက ရေတွက် ပြတော်မူသည်။)

နဝမ, ဒသမ, ဧကာဒသမ အမေးနှင့် အဖြေပြီး၏။

*****************

## (၁၂) ဣန္ဒြိယသံဝရ အမေးနှင့် အဖြေ

**မေး။** မြတ်စွာဘုရား... အဘယ်သို့ကျင့်သော ရဟန်းသည် ဣန္ဒြိယသံဝရ=ဣန္ဒြေကို စောင့်ထိန်းခြင်း သီလကို ကျင့်သည်မည်ပါသနည်း?။
**ဖြေ။** သိကြားမင်း... မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ဖြင့် သိအပ်သော အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘောအာရုံတို့သည် မှီဝဲအပ်သော အာရုံ, မမှီဝဲအပ်သော အာရုံဟူ၍ နှစ်မျိုးစီ ရှိကြ၏။

### မှီဝဲအပ်သော ရူပါရုံ, မမှီဝဲအပ်သော ရူပါရုံ စသည်၌...

(၁) အကြင် အဆင်းရူပါရုံကို ကြည့်ရှုသော ရဟန်း၏ သန္တာန်၌ ရာဂအစရှိသော ကိလေသာ တရားတို့ ဖြစ်ပွားကုန်ငြားအံ့။ ထိုသို့သော အဆင်းရူပါရုံကို မမှီဝဲအပ် မကြည့်ရှုအပ်။ အကြင် အဆင်း ရူပါရုံကို ကြည့်ရှုသော ရဟန်း၏ သန္တာန်၌ အသုဘသညာသော်လည်း ဖြစ်နိုင်ငြားအံ့။ သဒ္ဓါတရားသော်လည်း ဖြစ်နိုင်ငြားအံ့။ အနိစ္စသညာကိုသော်လည်း ဖြစ်နိုင်ငြားအံ့။ ထိုသို့သော အဆင်းရူပါရုံကို မှီဝဲအပ် ကြည့်ရှုအပ်၏။

(၂) အကြင်သဒ္ဒါရုံကို နားထောင်သော ရဟန်း၏ သန္တာန်၌ ရာဂစသော ကိလေသာတရားတို့ ဖြစ်ပွားကုန်ငြားအံ့။ ထိုသို့သော အသံမျိုးကို နားမထောင်အပ် နားမထောင်ကောင်း။ အိုးထိန်းသည် ဃဋိကာ ဗြဟ္မာသီချင်းသံပင် ဖြစ်လင့်ကစား အကြောင်းတရား အကျိုးတရားကို မှီသည့် အကြင်အသံကို နားထောင်သော ရဟန်း၏သန္တာန်၌ သဒ္ဓါတရား ဖြစ်ပွားနိုင်ငြားအံ့။ သံသရာဝဋ်၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါ ဉာဏ်သောမူလည်း ဖြစ်နိုင်ငြားအံ့။ ထိုသို့သော အသံမျိုးကို နားထောင်အပ် နားထောင်ကောင်း၏။

(၃) အကြင်အနံ့ ဂန္ဓာရုံကို နမ်းရှူသော ရဟန်း၏ သန္တာန်ဝယ် ရာဂစသော ကိလေသာတရားတို့ ဖြစ်ကုန်ငြားအံ့။ ထိုသို့သော အနံ့မျိုးကို မနမ်းရှူအပ် မနမ်းရှူကောင်း။ အကြင်ဂန္ဓာရုံကို နမ်းရှူသော ရဟန်း၏ သန္တာန်၌ အသုဘသညာ စသည်ကို ရရှိခြင်းဖြစ်နိုင်ငြားအံ့။ ထိုသို့သော အနံ့မျိုးကို နမ်းရှူအပ် နမ်းရှူကောင်း၏။

(၄) အကြင်ရသာရုံကို စားသော, လျက်သော ရဟန်း၏ သန္တာန်ဝယ် ရာဂစသော တရားတို့ ဖြစ်ပွားကုန်ငြားအံ့။ ထိုသို့သော ရသာရုံမျိုးကို မစားအပ် မစားကောင်း။ အကြင်ရသာကို စားသော ရဟန်း၏ သန္တာန်ဝယ် အာဟာရေ-ပဋိကူလသညာကို မူလည်း ရနိုင်ငြားအံ့။ စားခြင်းဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ကာယဗလကို အမှီပြု၍ အရိယဘုံသို့ တက်ရောက်ခြင်းငှာ စွမ်းနိုင်ငြားအံ့။ မဟာသီဝမထေရ်၏တူ သီဝသာမဏေကဲ့သို့၎င်း၊ ဘာဂိနေယျ-သံဃရက္ခိတ သာမဏေ ကဲ့သို့၎င်း စားသုံးစဉ်မှာပင် ကိလေသာကုန်ခမ်း ရဟန္တာဖြစ်ငြားအံ့။ ထိုသို့သော ရသာရုံကို စားသုံးအပ် စားသုံးကောင်း၏။

(၅) အကြင်တွေ့ထိမှု ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိသော ရဟန်း၏သန္တာန်ဝယ် ရာဂစသော ကိလေသာ တို့ တိုးပွားကုန်ငြားအံ့။ ထိုသို့သော ဖောဋ္ဌဗ္ဗာရုံကို မမှီဝဲအပ် မမှီဝဲကောင်း။ အကြင် မှီဝဲသင့်သော ဖောဋ္ဌဗ္ဗာရုံကို ရဟန်းကိစ္စ မပြီးသေမီ တွေ့ထိသောရဟန်း၏ သန္တာန်ဝယ် ရှင်သာရိပုတြာ စသည်တို့၏ သန္တာန်၌ကဲ့သို့ အာသဝေါကုန်ခန်းခြင်းသည်၎င်း၊ ဝီရိယကို ကောင်းစွာချီးမြှောက်အပ်သည်၎င်း၊ နောင်လာနောက်သား ရဟန်းများကိုလည်း မြင်အပ်သည်ကို အတုလိုက်ခြင်း-ဒိဋ္ဌာနုဂတိကို ဖြစ်စေခြင်း ဖြင့် ချီးမြှောက်အပ်သည်၎င်း ဖြစ်ငြားအံ့။ ထိုသို့သော အတွေ့မျိုးစုံ ဖောဋ္ဌဗ္ဗာရုံကို မှီဝဲအပ် မှီဝဲကောင်း ၏။

(၆) အကြင်စိတ်ဖြင့်သိအပ်သော ရုပ်နာမ်မျိုးစုံ ဓမ္မာရုံကို နှလုံးသွင်းဆင်ခြင်သော ရဟန်း၏ သန္တာန်ဝယ် ကိလေသာတရားများ ဖြစ်ပွားကုန်ငြားအံ့။ အကြင်ဓမ္မာရုံတို့ကို ဆင်ခြင်သောရဟန်း၏ သန္တာယ်ဝယ် "သူတပါးတို့၏ ဥစ္စာများသည် ငါ့ဥစ္စာဖြစ်ကုန်ပါမူကား ကောင်းလေစွ" ... ဤသို့ စသည့် အဘိဇ္ဈာစသော အခြင်းအရာဖြင့် အကြင်ဓမ္မာရုံတို့သည် ထင်ရှားကုန်ငြားအံ့။ ထိုသို့သောဓမ္မာရုံကို နှလုံးမသွင်းအပ် နှလုံးမသွင်းကောင်း။

အကြင်ဓမ္မာရုံကို နှလုံးသွင်း ဆင်ခြင်သော ရဟန်း၏ သန္တာန်၌ "ခပ်သိမ်းသော သတ္တဝါတို့သည် ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ".. ဤသို့ စသည်ဖြင့် မေတ္တာဗြဟ္မစိုရ်စသော အခြင်းအရာ၏ အစွမ်းဖြင့် မနောဒွါရ၌ ထင်လာသော ဓမ္မာရုံတို့သည်၎င်း, မထေရ်မြတ်သုံးပါးတို့၏ မနောဒွါရ၌ ထင်လာသော အကြင်ဓမ္မာရုံတို့သည်၎င်း ရှိကုန်၏။ ထိုသို့သော ဓမ္မာရုံတို့ကို နှလုံးသွင်းအပ် နှလုံးသွင်းကောင်း၏။

## မထေရ်မြတ်သုံးပါးတို့ စိတ်စောင့်စည်းကြပုံ အကြောင်း

မထေရ်မြတ်သုံးပါးတို့သည် ဝါဆိုမည့်နေ့၌ "ကာမဝိတက်စသော အကုသိုလ်အကြံအစည်များကို မကြံစည်ကြစတမ်း"ဟု ကတိကဝတ်ထား၍ ကျောင်းတိုက်တစ်ခု၌ ဝါကပ်တော်မူကြ၏။

သီတင်းကျွတ်လပြည့် ပဝါရဏာနေ့၌ မထေရ်ကြီးက အငယ်ဆုံးမထေရ်ကို "ငါ့ရှင်... ဤဝါတွင်းသုံးလအတွင်း အဘယ်မျှသော အရပ်၌ သင့်စိတ်အား ပြေးသွားခွင့်, ဖြစ်ပွားခွင့်ကို ပေးအပ်သနည်း"ဟု မေးလေ၏။ ထိုအခါ မထေရ်ငယ်က "တပည့်တော်စိတ်အား ကျောင်းပရိဝုဏ်မှ ပြင်ပသို့ သွားခွင့် မပေးခဲ့ပါဘုရား"ဟု လျှောက်ထား၏။ ဤစကားရပ်ဖြင့် "ပရိဝုဏ်အတွင်းသို့ ရောက်လာသော ရူပါရုံစသည်ကိုသာ အာရုံပြု၍ ဤဝါတွင်းကာလ၌ ကမ္မဋ္ဌာန်းမှလွတ်သော စိတ်သည် တခါတရံ ဖြစ်ဘူးပါ၏။ ပရိဝုဏ်အတွင်း၌လည်း ဝိသဘာဂဖြစ်သော ရူပါရုံစသည်တို့ လုံးဝမရှိပါ။ ထို့ကြောင့် အာရုံထွေပြား ပြန့်နှံ့သော ဝိတက်၏ အစွမ်းအားဖြင့် မိမိစိတ်ကို အပြင်ပသို့ ထွက်ခွင့်မပေးခဲ့ပါ"ဟူသော အဓိပ္ပါယ်ကို ဖေါ်ပြ၏။

တဖန် မထေရ်ကြီးက ဒုတိယမထေရ်ကို "ငါ့ရှင်... ဤဝါတွင်းသုံးလအတွင်းဝယ် အဘယ်မျှသော အရပ်၌ သင့်စိတ်အား ပြေးသွားခွင့်ကို ပေးခဲ့ပါသနည်း?ဟု မေးလေသော်... ဒုတိယမထေရ်က "တပည့်တော် ဝါတွင်းသုံးလအတွင်း စိတ်ကို မိမိနေသော ကျောင်းခန်းအတွင်းမှ အပြင်ပသို့ ထွက်ခွင့် မပေးခဲ့ပါဘုရား"ဟု လျှောက်၏။

ထိုအခါ မထေရ်ငယ် နှစ်ပါးလုံးက မထေရ်ကြီးကို "အရှင်ဘုရားတို့သည်လည်း ဤဝါတွင်းသုံးလတွင်းဝယ် အဘယ်မျှသော အရပ်၌ မိမိစိတ်အား ပြေးသွားခွင့်ကို ပေးခဲ့ပါသနည်း"ဟု မေးလျှောက်လေသော်... "ငါ့ရှင်တို့... ငါသည် ဤဝါတွင်းသုံးလပတ်လုံးကို မိမိ၏ ခန္ဓာကိုယ်တွင်းမှ ပြင်ပသို့ မိမိစိတ်အား ထွက်ခွင့်မပေးခဲ့ပါ"ဟု ဖြေကြားတော်မူ၏။ မှန်၏။ ဤမထေရ်ကြီးသည် မိမိ ပြုဖွယ်ကိစ္စ အလုံးစုံကို ကမ္မဋ္ဌာန်းကို အဦးမူသဖြင့်သာလျှင် ပြုကျင့်တော်မူ၏။

ထိုအခါ မထေရ်ငယ်နှစ်ပါးတို့က "အရှင်ဘုရား.. အရှင်ဘုရားတို့သည် ပြုနိုင်ခဲ့သော အမှုကို ပြုတော်မူအပ်ပါပေ၏"ဟု ချီးမွမ်းစကား လျှောက်ထားကြလေ၏။ ဤမထေရ်သုံးပါးတို့၏ မနောဒွါရ၌ ထင်လာသော ဓမ္မာရုံမျိုးကို နှလုံးသွင်းအပ် နှလုံးသွင်းကောင်း၏။

ဒွါဒသမ အမေး အဖြေ ပြီး၏။

**************

## နံပတ်(၁၃) အနေကဓာတု အမေးနှင့် အဖြေ

မေး။ မြတ်စွာဘုရား... အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည် တူသော အဆုံးအမ, တူသောအကျင့်, တူသောအယူ, တူသော ပြီးဆုံးရာ ရှိကြပါသလော?
ဖြေ။ သိကြားမင်း... အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည် တူသော ပြီးဆုံးရာ မရှိကြဘူး။

မှတ်ချက်။ ။သိကြားမင်းသည် ရှေးအခါ(အရိယာမဖြစ်မီ) မိမိ ကြားအပ်ပြီးသော များစွာသော သမဏ,ဗြာဟ္မဏခေါ်ဆို ထိုထိုဝါဒီ ပုဂ္ဂိုလ်တို့၏ မတူထူးခြား ကွဲပြားသော အဆုံးအမ, အကျင့်, အယူ, ပြီးဆုံးရာများကို ယခု အရိယာဖြစ်ပြီးသောအခါ အနှစ်သာရမရှိသော အနေဖြင့် ပိုင်းပိုင်းခြားခြား သိရှိကာ ထိုအမျိုးမျိုးကွဲပြားသော ထိုသူတို့၏ အဆုံးအမ, အကျင့်, အယူ, ပြီးဆုံးရာ၏ အကြောင်းကို မေးလိုသဖြင့် ဤပြဿနာကို မေးလျှောက်ခြင်းဖြစ်၏။

မေး။ အဘယ့်ကြောင့် မရှိကြပါသနည်း မြတ်စွာဘုရား?
ဖြေ။ သိကြားမင်း... သတ္တဝါအပေါင်းသည် တစ်ယောက်နှင့်တစ်ယောက် နှလုံးသွင်း အလိုအဇ္ဈာသယဓာတ်ချင်း မတူညီကြပေ။ သတ္တဝါတို့သည် မိမိတို့ အလိုအဇ္ဈာသယကိုသာလျှင် ပြင်းထန်မြဲမြံစွာ စွဲလမ်းကြ၍ "ငါ့အယူသာ မှန်၏။ အခြားသူတို့၏ အယူသည် အချည်းနှီးသာတည်း"ဟု ပြောဆိုကြကုန်၏။ ထို့ကြောင့် အလုံးစုံသော သမဏ, ဗြာဟ္မဏတို့သည် တူညီသော ပြီးဆုံးရာ မရှိကြကုန်။

မှတ်ချက်။ ။ သတ္တဝါအပေါင်းသည် တစ်ယောက်နှင့်တစ်ယောက် နှလုံးသွင်း အလိုအဇ္ဈာသယချင်း မတူကြချေ။ တစ်ယောက်က သွားလိုလျှင် တစ်ယောက်က ရပ်လို၏။ တစ်ယောက်က ထိုင်လိုလျှင် တစ်ယောက်က အိပ်လို၏။ အလိုအဇ္ဈာသယချင်း တူညီကြသည့် သတ္တဝါနှစ်ယောက်မည်သည်ကို လောက၌ ရခဲလှ၏။ ဤသို့ ဣရိယာပုထ်မှာပင် အလိုအဇ္ဈာသယချင်း မတူညီကြသော သတ္တဝါတို့သည် အယူအဆ, အကျင့်, အဆုံးအမတို့၌ အဘယ်မှာ တူညီနိုင်ပါအံ့နည်း။ မတူညီကြသည်သာတည်း။

တေရသမ အမေး-အဖြေပြီး၏။

*******

## နံပတ်(၁၄) အစွန္တနိဋ္ဌ အမေး အဖြေ

မေး။ မြတ်စွာဘုရား... လောကဥ္ သမဏ, ဗြာဟ္မဏအမည်ခံ ဝါဒရှင်အားလုံးတို့သည်ပင် ပရမတ္ထ နိဗ္ဗာန်ကို ရရှိကြပါသလော? ထိုဝါဒရှင်အားလုံးတို့သည် နိဗ္ဗာန်ရရှိရန် အရိယာမဂ် အကျင့်မှန်ကို ကျင့်ကြံကြသူတို့ ဖြစ်ကြပါသလော?

ဖြေ။ သိကြားမင်း... လောကဥ္ သမဏ,ဗြာဟ္မဏ အမည်ခံပုဂ္ဂိုလ်တို့သည် အလိုအဇ္ဈာသယချင်း မတူကြသောကြောင့် အကျင့်သီလ အယူအဆ ပြီးဆုံးရာချင်း မတူညီဘဲ ရှိကုန်၏။ ထိုမတူညီသော သမဏ,ဗြာဟ္မဏတို့သည် အဘယ်မှာလျှင် ပရမတ္ထနိဗ္ဗာန်ကို ရနိုင်ပါအံ့နည်း။ မရနိုင်သည်သာဖြစ်၏။ နိဗ္ဗာန်ရောက်ကြောင်း အရိယာမဂ်အကျင့်မှန်ကို ကျင့်ကြံကြသူတို့သာ ပရမတ္ထနိဗ္ဗာန်ကို ရရှိကြ၏။

မေး။ မြတ်စွာဘုရား... အလုံးစုံသော သမဏ,ဗြာဟ္မဏတို့သည် ပျက်စီးခြင်းကို လွန်မြောက်သော ပြီးဆုံးရာ-နိဗ္ဗာန်တရားကို မရကြပါကုန်သနည်း?

ဖြေ။ သိကြားမင်း... တဏှာကို ကုန်ခန်းစေတတ်သည့် အရိယမဂ်ဖြင့် ကိလေသာခပ်သိမ်းတို့မှ အပြီးတိုင် လွတ်မြောက်ကြသည့် တဏှာသင်္ခယဝိမုတ္တ-ရဟန္တာအရှင်မြတ်တို့သာလျှင် ဧကန်စင်စစ် ပရမတ္ထနိဗ္ဗာန်ကို ရရှိကြသောကြောင့် သမဏ,ဗြာဟ္မဏအမည်ခံ ဝါဒရှင်တိုင်း နိဗ္ဗာန်ကို မရနိုင်ကုန်။

မှတ်ချက်။ .ဘုရားရှင်၏ သာသနာတော်သည် ပရမတ္ထနိဗ္ဗာန်လျှင် အပြီးအဆုံးရှိသောကြောင့် အမေးအဖြေနှင့် စပ်၍ ပရမတ္ထနိဗ္ဗာန် အမေးအဖြေဆုံးက မေးခွန်းပြဿနာအားလုံး ပြီးဆုံးလေတော့ ၏။

စုဒ္ဒသမ အမေးနှင့် အဖြေ ပြီး၏။

**********

## သိကြားမင်းကြီးရရှိအပ်သော အကျိုးထူး ၆-ပါး

၁။ ဤယခု ဣန္ဒသာလလိုဏ်ဂူ၌ တရားနာရ၍ သောတာပန်အရိယဖြစ်ပြီးလျှင် ထိုနေရာ၌ပင် နတ်သက်ကြွေကာ သိကြားမင်း တဖန်ထပ်ဖြစ်ရခြင်းအကျိုး။

၂။ ထိုသိကြားဘဝမှ စုတေလတ်သော လူပြည်လောကဝယ် မိမိစိတ်နှလုံး မွေ့လျော်နှစ်သက်ရာ မင်းမျိုးစသည်၌ သတ္တက္ခတ္တုပရမ သောတာပန်အဖြစ်ဖြင့် ပဋိသန္ဓေ မတွေမဝေ တည်နေရခြင်းအကျိုး။

၃။ ထိုသို့ ဘဝပဋိသန္ဓေ တည်နေရသော်လည်း မေ့လျော့ခြင်းမရှိပဲ အရိယအဖြစ်နှင့် လျော်ညီစွာ တရားအလုပ် အားထုတ်နေထိုင်ခြင်းအကျိုး။

၄။ ယင်းသို့ အားထုတ်နေထိုင်သဖြင့် သကဒါဂါမိမဂ်ဉာဏ်ကို ရရှိကာ လူ့ဘဝ အဆုံးသတ်ရခြင်း အကျိုး။

၅။ သကဒါဂါမ် အရိယာအဖြစ်ဖြင့် လူ့ဘဝမှ စုတေလတ်သော တာဝတိံသာနတ်ပြည်၌ တဖန် သိကြားမင်း ဖြစ်ရခြင်းအကျိုး။

၆။ ထိုသိကြားဘဝ၌ အနာဂါမိမဂ်ကို ရရှိပြီးလျှင် ထိုသိကြားဘဝမှ စုတေလတ်သော် ဥဒ္ဓံသောတ-အကနိဋ္ဌဂါမီ အနာဂါမ်အရိယာဖြစ်၍ အဝိဟာဘုံ, အတပ္ပါဘုံ, သုဒဿာဘုံ, သုဒဿီဘုံ, အကနိဋ္ဌဘုံ တည်းဟူသော သုဒ္ဓါဝါသ ဗြဟ္မာဘုံ ၅-ဘုံတို့၌ အစဉ်အတိုင်း ဖြစ်ကာ နောက်ဆုံး အကနိဋ္ဌဘုံ၌ ရဟန္တာဖြစ်၍ ဘဝဇာတ်သိမ်း ငြိမ်းရခြင်းအကျိုး။

(မှတ်ချက်။ ။ (၁) သိကြားမင်း, (၂) အနာထပိဏ်သူဌေးကြီး, (၃) ဝိသာခါဒါယိကာမကြီး... ဤအရိယာသုံးဦးတို့သည် ဘဝသက်တမ်းတူမျှကြကုန်၏။ ဤသုံးဦးနှင့်တူသည့် ချမ်းသာသုခအဖို့ ရသော ဝဋ္ဋာဘိရတ-သတ္တဝါတို့မည်သည် မရှိကုန်။)

## **သိကြားမင်းကြီး မြေကိုပုတ်၍ ရှိခိုးခြင်း-**

သိကြားမင်းကြီးသည် နောက်ဆုံး၌ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိလျက် သူငယ်ချင်း တစ်ယောက်က သူငယ်ချင်းတစ်ယောက်ကို မိမိလက်ဖြင့် သူငယ်ချင်း၏လက်၌ ပုတ်တ်သကဲ့သို့ မိမိ လက်ဖြင့် မြေကိုပုတ်၍ "နမော တဿ ဘဝဂတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"ဟု သုံးကြိမ် ဥဒါန်း ကျူးရင့်လေ၏။

မှတ်ချက်။ ။ သိကြားမင်းသည် "ငါကား ဤမြေကြီး၌ တည်နေလျက် ဤအံ့ချီးထိုက်သော လောကုတ္တရာ တရားထူးကို ရအပ်ပေပြီ"ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်လှသောကြောင့်၎င်း၊ "ဤမဟာ ပထဝီမြေကြီး၌ ဤမျှလောက် အံ့သြချီးမွမ်းဖွယ်ရာ တရားရတနာ ဖြစ်ပွင့်တော်မူပါပေတကား"ဟု အံ့သြချီးမွမ်းစိတ် ပြင်းစွာဖြစ်သောကြောင့် မြေကြီးကို မိမိလက်ဖြင့် ပုတ်ခတ်လေသည်။

**သိကြားမင်းကြီး သောတာပန်တည်ခြင်း**

ဤအမေး-အဖြေနှင့်တကွသော တရားဒေသနာတော်ကို ဟောတော်မူသည်ရှိသော် "ဖြစ်ခြင်းသဘောရှိသော တရားအလုံးစုံသည် ချုပ်ခြင်းသဘောရှိ၏"ဟု ဆင်ခြင်သိမြင်၍ သိကြားမင်းကြီး၏ သန္တာန်ဝယ် တရားမျက်စိ(သောတာပတ္တိမဂ်ဉာဏ်)သည် ထင်ရှားဖြစ်ပေါ်လာ၏။

အခြားသော ရှစ်သောင်း လေးထောင်သော နတ်တို့၌လည်း တရားမျက်စိ(သောတာပတ္တိမဂ်ဉာဏ်) ထင်ရှား ဖြစ်ပေါ်လာကုန်၏။

သက္ကပဉှသုတ် အဓိပ္ပါယ်ရှင်းချက် ပြီး၏။